# ပြည်သူ့ကျန်းမာရေးဦးစီးဌာန

# မကူးစက်နိုင်သောရောဂါများကာကွယ်နှိမ်နင်းရေးဌာနခွဲ

# ဆေးလိပ်ဆေးရွက်ကြီးတိုက်ဖျက်ရေးစီမံချက်

ဆေးလိပ်ဆေးရွက်ကြီးတိုက်ဖျက်ရေးလုပ်ငန်း လက်စွဲစာအုပ်

(၂၀၂၀)ပြည့်နှစ်

# ပြည်သူ့ကျန်းမာရေးဦးစီးဌာန

# မကူးစက်နိုင်သောရောဂါများကာကွယ်နှိမ်နင်းရေးဌာနခွဲ

# ဆေးလိပ်ဆေးရွက်ကြီးတိုက်ဖျက်ရေးစီမံချက်

ဆေးလိပ်ဆေးရွက်ကြီးတိုက်ဖျက်ရေးလုပ်ငန်း လက်စွဲစာအုပ်

(၂၀၂၀)ပြည့်နှစ်

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ | သင်ကြားချိန် |
|---|---|---|---|
| ၁။ | ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေးနှင့် ပတ်သက်၍ ထုတ်ပြန်ထားသည့် ဥပဒေ၊ အမိန့်ကြော်ငြာစာနှင့် ညွှန်ကြားချက်များ” | ၁ မှ ၂၅ | ၂နာရီ |
| ၂။ | “ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းအန္တရာယ်” | ၂၆ မှ ၃၇ | ၁နာရီ ၃၀မိနစ် |
| ၃။ | “နိုင်ငံများ၏ ဆေးလိပ်၊ ဆေးရွက်ကြီး သောက်သုံးမှု အခြေအနေကို ဆန်းစစ်ခြင်းနှင့် ဆေးလိပ်၊ ဆေးရွက်ကြီး ထိန်းချုပ်ရေးလုပ်ငန်းများနှင့် မူဝါဒများ၏ ထိရောက်မှုကို စောင့်ကြည့်ဆန်းစစ်ခြင်း” | ၃၈ မှ ၃၉ | ၃၀မိနစ် |
| ၄။ | “ပြည်သူလူထုကို ဆေးလိပ်ငွေ့အန္တရာယ်မှ ကာကွယ်ပေးခြင်း” | ၄၀ မှ ၅၃ | ၁နာရီ ၃၀မိနစ် |
| ၅။ | “ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သုံးစွဲနေသူများအား ဖြတ်နိုင်အောင် ကူညီပေးခြင်း” | ၅၄ မှ ၆၂ | ၁နာရီ ၃၀မိနစ် |
| ၆။ | “ပြည်သူလူထုကို ဆေးလိပ်၊ ဆေးရွက်ကြီး အန္တရာယ်နှင့် ပတ်သက်၍ သတိပေးခြင်း” | ၆၃ မှ ၇၀ | ၄၅မိနစ် |
| ၇။ | “ဆေးလိပ်ကြော်ငြာခြင်း၊ ရောင်းအားမြှင့်တင်ခြင်းနှင့် အထောက်အကူပေး (စပွန်ဆာပေး)ခြင်းကိုတားမြစ်ခြင်း” | ၇၁ မှ ၈၃ | ၁နာရီ ၃၀မိနစ် |

## "ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးနှင့် ပတ်သက်၍ ထုတ်ပြန်ထားသည့် ဥပဒေ၊ အမိန့်ကြော်ငြာစာနှင့် ညွှန်ကြားချက်များ"

**သင်ကြားချိန် (၂ နာရီ)**

**နိဒါန်း**

မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများသည် ကူးစက်နိုင်သောရောဂါများအပြင် မကူးစက်နိုင်သောရောဂါများဖြစ်သည့် နှလုံးနှင့်သွေးကြောရောဂါ၊ လေဖြတ်ရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါ၊ ဆီးချိုသွေးချိုရောဂါ အစရှိသည့်ရောဂါများ ဖြစ်ပွားမှုနှုန်း မြင့်မားတိုးတက်လျက်ရှိပြီး၊ ရောဂါများနှင့်နောက်ဆက်တွဲဆိုးကျိုးများကို ကုသရခြင်းနှင့် နောက်ဆက်တွဲပြဿနာများကြောင့် အရွယ်မတိုင်မီသေဆုံးခြင်းများအပြင် မိသားစုစီးပွားရေး၊ လူမှုရေး ထိခိုက်ပျက်စီးခြင်းများ ကြုံတွေ့နေရပါသည်။ Hospital Statistics Report (၂၀၁၆)အရ မကူးစက်နိုင်သောရောဂါများကြောင့် ဆေးရုံတက်ရောက်ကုသရသူများသည် စုစုပေါင်း ဆေးရုံတက်ရောက်သူများ၏ (၄၂%) ရှိပြီး၊ မကူးစက်နိုင်သောရောဂါများကြောင့် သေဆုံးသူများသည် စုစုပေါင်းသေဆုံးသူများ၏ (၅၁%) ရှိကြောင်း တွေ့ရှိရပါသည်။

ထိုသို့ရောဂါဖြစ်ပွားမှုနှင့် သေဆုံးမှုများပြားလျက်ရှိသည့် မကူးစက်နိုင်သောရောဂါများ ဖြစ်ပွားရသည့်အကြောင်းရင်းများတွင် ကာကွယ်၍ရသည့်အကြောင်းများအနက် အဓိက အကြောင်းရင်းတစ်ရပ်သည် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သုံးစွဲခြင်းဖြစ်ပါသည်။ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုသည် ခံတွင်း၊ လည်ချောင်း၊ အဆုတ်၊ နှလုံး၊ ဦးနှောက်၊ သွေးကြော၊ ခြေချောင်း၊ လက်ချောင်း အစရှိသည့် လူ၏ခန္ဓာကိုယ်ရှိ အင်္ဂါအစိတ်အပိုင်းအားလုံးတွင် ကင်ဆာရောဂါအပါ အဝင် ရောဂါမျိုးစုံရရှိစေသည့်အပြင် အရွယ်မတိုင်မီ စောစီးစွာသေစေပါသည်။

နှစ်စဉ် ကမ္ဘာတဝှမ်းရှိ လူဦးရေ (၈) သန်းကျော်သည် ဆေးလိပ်၊ ဆေးရွက်ကြီးထွက်ပစ္စည်း သုံးစွဲမှုကြောင့် အသက်ဆုံးရှုံးနေရပါသည်။ ထိုအထဲမှ လူဦးရေ (၁)သန်းခန့်သည် တစ်ဆင့်ခံ ဆေးလိပ်ငွေ့ ရှူရှိုက်ရသဖြင့် သေဆုံးနေရပါသည်။ တစ်ဆင့်ခံဆေးလိပ်ငွေ့ရှူရှိုက်ခြင်းသည် အထူးသဖြင့် ကလေးငယ်များ၏ ကျန်းမာရေးကို ဆိုးရွားစွာထိခိုက်စေသည်။ တစ်ဆင့်ခံဆေးလိပ်ငွေ့တွင် လူကို အန္တရာယ်ပြုသည့် ဓါတု စွည်းအမျိုးပေါင်း (၇၀၀၀) ကျော်ပါဝင်ပြီး၊ ထိုအထဲမှ ဓါတုပစ္စည်းအမျိုးပေါင်း (၇၀)နီးပါးသည် ကင်ဆာရောဂါကိုဖြစ်စေပါသည်။ တစ်ဆင့်ခံဆေးလိပ်ငွေ့ရှူရှိုက်နေရသူများသည် ကိုယ်တိုင်ဆေးလိပ်သောက်သူ များနည်းတူ ရောဂါများရရှိပါသည်။ Global Burden of Disease (2016) အရ ဆေးလိပ်/ဆေးရွက်ကြီးထွက် ပစ္စည်း သုံးစွဲမှုကြောင့် မြန်မာနိုင်ငံတွင် နှစ်စဉ် လူဦးရေ (၆၄,၀၀၀) ခန့်သေဆုံးလျက်ရှိပြီး၊ တစ်ရက်လျှင် (၁၇၅)ဦး သေဆုံးနေပါသည်။ ဆေးလိပ်၊ဆေးရွက်ကြီးသုံးစွဲမှု

တိုင်းသည် အန္တရာယ်ရှိသောကြောင့် စိတ်ချရသော အန္တရာယ်ကင်းသော ဆေးလိပ်၊ ဆေးရွက်ကြီး ဟူ၍ မရှိပါ။

**ဆေးလိပ်၊ ဆေးရွက်ကြီးထွက်ပစ္စည်း သုံးစွဲမှုအခြေအနေ**

မြန်မာနိုင်ငံ၏ ဆေးလိပ်၊ ဆေးရွက်ကြီးထွက်ပစ္စည်း သုံးစွဲမှုသည် အရှေ့တောင်အာရှ နိုင်ငံများကြားတွင် မြင့်မားလျက်ရှိပြီး၊ ၂၀၁၄ခုနှစ်တွင် ပြုလုပ်ခဲ့သည့် စစ်တမ်းအရ အသက် ၂၅-၆၄ အတွင်းရှိ အမျိုးသား (၇၉.၈%)နှင့် အမျိုးသမီး (၂၉.၁%)သည် လက်ရှိ ဆေးလိပ် (သို့မဟုတ်) ဆေးရွက်ကြီးထွက်ပစ္စည်းတစ်မျိုးမျိုး အသုံးပြုသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။ ထို့အပြင် အမျိုးသား (၄၃.၈%) သည်လည်းကောင်း၊ အမျိုးသမီး (၈.၄%) သည်လည်းကောင်း လက်ရှိ ဆေးလိပ်သောက်သုံးသူများ ဖြစ်ကြသည်။

***အပြည်ပြည်ဆိုင်ရာကွန်ဗန်းရှင်းနှင့် မြန်မာနိုင်ငံ***

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းထိန်းချုပ်ခြင်း အပြည်ပြည်ဆိုင်ရာ ကွန်ဗန်းရှင်းသည် ပြည်သူ့ကျန်းမာရေးကို အလေးပြုထားသော သဘောတူညီချက်ဖြစ်ပါသည်။ အဓိကရည်ရွယ်ချက်မှာ ကမ္ဘာ့ ဆေးလိပ်၊ဆေးရွက်ကြီးသုံးစွဲမှုကို လျှော့ချရန်ဖြစ်ပါသည်။ အဆိုပါ သဘောတူညီချက်ကို ၂၀၀၅ခုနှစ်တွင် စတင်ပြဌာန်းခဲ့ပြီး ယနေ့အထိ အဖွဲ့ဝင်နိုင်ငံပေါင်း (၁၈၁) နိုင်ငံဖြင့် ဖွဲ့စည်းထားပါသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက် ပစ္စည်းထိန်းချုပ်ခြင်း အပြည်ပြည်ဆိုင်ရာကွန်ဗန်းရှင်းသည် အကျိုးသက်ရောက်မှုများပြားသည်ဟု ခိုင်မာသော သက်သေအထောက်အထားများ ခိုင်လုံစွာရှိသည့် ဥပဒေပြဌာန်းချက်ဖြစ်သဖြင့်၊ လက်မှတ်ရေးထိုးထားသည့် နိုင်ငံတိုင်း၏ အစိုးရများမှ ပြည်သူ့ကျန်းမာရေးကို ရှေးရှုလျက် လိုက်နာဆောင်ရွက်ရမည့် တာဝန်ရှိပါသည်။

- မြန်မာနိုင်ငံသည် ဆေးရွက်ကြီးသုံးစွဲမှုထိန်းချုပ်သည့် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းကို ၂၀၀၃ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်မှာ အတည်ပြုကြောင်း လက်မှတ်ရေးထိုးခဲ့သဖြင့် အတည်ပြုလက်မှတ်ရေးထိုးခဲ့သော အစောဆုံးနိုင်ငံများတွင် တစ်နိုင်ငံအပါအဝင်ဖြစ်ပါသည်။
- ၂၀၀၄ ခုနှစ်၊ ဧပြီလ ၂၁ ရက်တွင် ကွန်ဗင်းရှင်း၏ ပါတီဝင်ဖြစ်ခဲ့သည်။
- ကျန်းမာရေးဝန်ကြီးဌာနအနေနှင့် ဆေးရွက်ကြီးသုံးစွဲမှု ထိန်းချုပ်ရေးဥပဒေမူကြမ်းရေးဆွဲခြင်း လုပ်ငန်းကို ၂၀၀၂ ခုနှစ်မှစပြီး ဝန်ကြီးဌာနပညာရှင်ပေါင်းစုံ ပါဝင်လျက် ဆောင်ရွက်ခဲ့ရာ ဥပဒေအမှတ် ၅/၂၀၀၆ ဖြင့် "ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများ သောက်သုံးမှု ထိန်းချုပ်ရေးဥပဒေ" (The control of smoking and consumption of tobacco products Law)ကို ၂၀၀၆ ခုနှစ် မေလ (၄) ရက်နေ့တွင် ထုတ်ပြန်နိုင်ခဲ့ပါသည်။

- ဥပဒေထုတ်ပြန်သည့်နေ့မှ တစ်နှစ်အကြာ၊ ၂၀၀၇ ခုနှစ် မေလ (၄) ရက်နေ့တွင် အာဏာတည်ခဲ့သည်။
- ဥပဒေတွင် အခန်း(၉)ခန်း၊ ပုဒ်မ (၂၀)ပါဝင်ပြီး၊ အများပြည်သူကို အန္တရာယ်ရှိသော ဆေးလိပ်ငွေ့ အန္တရာယ်မှ ကာကွယ်ရန်အဓိက ရည်ရွယ်ပါသည်။







➢ ***အခန်း(၁) တွင် ဥပဒေအမည်နှင့် အောက်ပါစကားရပ်များကို အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။***

- ဆေးလိပ်၊
- ဆေးရွက်ကြီးထွက်ပစ္စည်း၊
- ဆေးလိပ်ငွေ့၊
- ရောင်းချခြင်း၊
- ဆေးလိပ်ထုတ်၊
- အမှတ်တံဆိပ်၊
- ဗဟိုအဖွဲ့၊
- ကြီးကြပ်ရေးအဖွဲ့၊
- တာဝန်ခံပုဂ္ဂိုလ်၊
- ကျောင်း၊
- သင်တန်းကျောင်း၊

➢ ***အခန်း(၂) တွင် ဥပဒေ၏ ရည်ရွယ်ချက်များကို ဖော်ပြထားပါသည်။***

- ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုကြောင့် ကျန်းမာရေးကို ထိခိုက်စေနိုင်ကြောင်း အများပြည်သူတို့ နားလည်သဘောပေါက်ပြီး ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးခြင်းမှ ရှောင်ကြဉ်စေရန်၊

- ဆေးလိပ်ငွေ့ကင်းစင်သည့်ပတ်ဝန်းကျင်ကို ဖန်တီးခြင်းဖြင့် အများပြည်သူတို့၏ ကျန်းမာရေးကို ထိခိုက်စေသည့် အန္တရာယ်မှ ကာကွယ်ရန်၊
- ကလေးသူငယ်နှင့် လူငယ်များအပါအဝင် အများပြည်သူတို့ကို ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက် ပစ္စည်းသောက်သုံးခြင်း အလေ့အထမှ တားဆီးကာကွယ်ခြင်းဖြင့် ကျန်းမာသော နေထိုင်မှုဘဝ ရရှိစေရန်၊
- ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ခြင်းဖြင့် အများပြည်သူတို့၏ ကျန်းမာရေး၊ စီးပွားရေးနှင့် လူမှုရေးအဆင့်အတန်း မြင့်မားလာစေရန်၊
- ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှုထိန်းချုပ်နိုင်ရေးအတွက် မြန်မာနိုင်ငံက လက်ခံထားသည့် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်။

➢ ***အခန်း(၃)တွင် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေးဗဟိုအဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များကို ဖော်ပြထားပါသည်။***

| | |
|---|---|
| • ပြည်ထောင်စုဝန်ကြီး<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| • ဒုတိယဝန်ကြီး<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| • သက်ဆိုင်ရာအစိုးရဌာနအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များနှင့်<br>ပညာရှင်များ | အဖွဲ့ဝင်များ |
| • ညွှန်ကြားရေးမှူးချုပ်<br>ကျန်းမာရေးဦးစီးဌာန | အတွင်းရေးမှူး |
| • တာဝန်ပေးအပ်ခြင်းခံရသူ | တွဲဖက်အတွင်းရေးမှူး |

ဗဟိုအဖွဲ့၏ လုပ်ငန်းတာဝန်များ (၁၀)ခုရှိပါသည်။

➢ ***အခန်း(၄) ဆေးလိပ်သောက်ခွင့်မရှိသော နေရာများ***

***ပုဒ်မ ၆ သည် ဆေးလိပ်လုံးဝသောက်ခွင့်မရှိသော နေရာများကို သတ်မှတ်ထားခြင်းဖြစ်ပါသည်။***

(က) ဆေးရုံပရိဝုဏ်အတွင်းရှိ ဝန်ထမ်းအိမ်ရာနှင့် အိမ်ခန်းများမှအပ ဆေးရုံအဆောက်အအုံ၊ ရုံးခန်း၊ ပရိဝုဏ်နှင့် ပရိဝုဏ်အတွင်းရှိ အခြားအဆောက်အအုံများ

(ခ) ဆေးကုဂေဟာနှင့် ဆေးခန်းများ

(ဂ) အားကစားရုံနှင့် အမိုးအကာရှိသည့် အားကစားကွင်းများ

(ဃ) ကလေးကစားရုံနှင့် ကစားကွင်းများ

(င) ကျောင်းပရိဝုဏ်အတွင်းရှိ ဝန်ထမ်းအိမ်ရာနှင့် အိမ်ခန်းများမှ အပ သင်ကြားရေး အဆောက်အအုံ၊ စာသင်ခန်း၊ ရုံးခန်းပရိဝုဏ်နှင့် ပရိဝုဏ်အတွင်းရှိ အခြားအဆောက်အအုံ များ

(စ) တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်နှင့် သိပ္ပံတို့၏ သင်ကြားရေး အဆောက်အအုံ၊ စာသင်ခန်းနှင့် ရုံးခန်းများ

(ဆ) ဇာတ်ရုံ၊ ရုပ်ရှင်ရုံ၊ ဗီဒီယိုရုံနှင့် အခြားပွဲကျင်းပပြသသည့် အဆောက်အအုံများ

(ဇ) ကုန်တိုက်၊ ကုန်ပဒေသာဆိုင်၊ စတိုးဆိုင်နှင့် အမိုးအကာရှိသည့် ဈေးရုံများ

(ဈ) ပြတိုက်၊ မော်ကွန်းတိုက်၊ အများပြည်သူသုံး စာကြည့်တိုက်နှင့် စာဖတ်ခန်းများ

(ည) ပြတိုက်၊ မော်ကွန်းတိုက်၊ အများပြည်သူသုံး စာကြည့်တိုက်နှင့် စာဖတ်ခန်းများ

(ဋ) ခရီးသည် သယ်ယူပို့ဆောင်သော မော်တော်ယာဉ်နှင့် လေယာဉ်များ

(ဌ) လေအေးစက်တပ်ဆင်ထားသော အများပြည်သူသုံးအခန်းများ

(ဍ) အများပြည်သူသုံးခန်းမကြီးများ

(ဎ) ဘာသာရပ်သင်ကိုယ်ပိုင် သင်တန်းနှင့် သင်တန်းကျောင်းများ၏ သင်ကြားရေး အဆောက် အအုံနှင့် စာသင်ခန်းများ

(ဏ) ကျန်းမာရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်သည့် အများပြည်သူ ဆိုင်ရာ အခြားပရိဝုဏ်၊ အဆောက်အအုံနှင့် နေရာများ

- ***ပုဒ်မ ၇ တွင် ဆေးလိပ်သောက်ခွင့်ရှိသော သီးသန့်နေရာများကိုစီမံထားပြီး၊ လူအများ ဝင်ထွက်သွားလာနိုင်သောနေရာများကို ဆေးလိပ်သောက်ခွင့်မရှိသော နေရာများအဖြစ် ပြဋ္ဌာန်းသတ်မှတ်ထားပါသည်။***

(က) ရုံး၊ ဌာနတို့၏ အဆောက်အအုံများ

(ခ) စက်ရုံ၊ အလုပ်ရုံတို့၏ အဆောက်အအုံများ

(ဂ) ဟိုတယ်၊ မိုတယ်၊ ဧည့်ဂေဟာနှင့် တည်းခိုရိပ်သာတို့၏ အဆောက်အအုံများ

(ဃ) ဘူတာရုံ၊ လေဆိပ်၊ သင်္ဘောဆိပ်နှင့် အဝေးပြေးကားဂိတ်တို့၏ အဆောက်အအုံများ

(င) ပျော်ပွဲစားရုံများ

(စ) ခရီးသည်သယ်ယူပို့ဆောင်သော ရထားနှင့် ရေယာဉ်များ

(ဆ) ကျန်းမာရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်သည့် အများပြည်သူဆိုင်ရာ အခြားအဆောက်အအုံ၊ အခန်းနှင့် နေရာများ

** မှတ်ချက်။ ကျန်းမာရေးဝန်ကြီးဌာနက (၂၀၁၄)ခုနှစ်တွင် ထုတ်ပြန်ခဲ့သည့် ဆေးလိပ်သောက်ခွင့်ရှိသော သီးသန့်နေရာ၌ စီမံထားရှိရမည့် လိုအပ်ချက်များ သတ်မှတ်သည့် အမိန့်ကြော်ငြာစာအရ အဆောက်အအုံအတွင်း ဆေးလိပ်သောက်ရန် သီးသန့်အခန်းများ စီမံခွင့်မရှိတော့ပါ။

- *အခန်း(၅) ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များ*
  - ဗဟိုအဖွဲ့က ချမှတ်သော မူဝါဒနှင့် လမ်းညွှန်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊
  - ဤဥပဒေပါ ရည်ရွယ်ချက်များနှင့်အညီ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ် ရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊
  - ပုဒ်မ ၇ တွင် ဖော်ပြထားသော နေရာများတွင် ဆေးလိပ်သောက်ခွင့်ရှိသော သီးသန့်နေရာ၌ စီမံထားရှိရမည့် လိုအပ်ချက်များကို သတ်မှတ်ခြင်း၊
  - ဆေးလိပ်သောက်ခွင့်မရှိသော နေရာကိုလည်းကောင်း၊ ဆေးလိပ်သောက်ခွင့်ရှိသောသီးသန့် နေရာ ကိုလည်းကောင်းသိရှိနိုင်ရန် ဖော်ညွှန်းသည့်စာတမ်းနှင့် အမှတ်အသားများကိုသတ်မှတ် ခြင်း၊
  - ဆေးလိပ်ထုပ်တွင် ဖော်ပြပါရှိရမည့် ဆေးလိပ်သောက်ခြင်းကြောင့် ကျန်းမာရေးကို ဆိုးရွားစွာ ထိခိုက်စေနိုင်ကြောင်း မြန်မာဘာသာဖြင့် သတိပေးစာတန်းကိုလည်းကောင်း၊ အခြားလိုအပ် သော သတိပေးချက်များကိုလည်းကောင်း သတ်မှတ်ခြင်း၊
  - ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း စွဲလမ်းမှုကို ဖြတ်တောက်နိုင်ရေးအတွက် နှစ်သိမ့် ဆွေးနွေးခြင်းနှင့် ကုသခြင်းတို့ကို စီစဉ်ဆောင်ရွက်ခြင်း၊
  - ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးလုပ်ငန်းကို ဆောင်ရွက်ရာ တွင် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသ ဆိုင်ရာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့် ဆက်သွယ် ညှိနှိုင်းဆောင်ရွက်ခြင်း၊
  - ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးလုပ်ငန်းကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လိုအပ်သော အစီအစဉ်များ ချမှတ်ဆောင်ရွက်ခြင်း၊
  - ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးနှင့် စပ်လျဉ်း၍ ဆောင်ရွက်မှု များကို ဗဟိုအဖွဲ့သို့ အခါအားလျော်စွာတင်ပြခြင်း။

- *အခန်း(၆) ပုဒ်မ ၉ – တာဝန်ခံပုဂ္ဂိုလ်၏ လုပ်ငန်းတာဝန်များ*

- တာဝန်ခံပုဂ္ဂိုလ်ဆိုသည်မှာ ပုဒ်မ ၆ နှင့် ပုဒ်မ ၇ တို့တွင် သတ်မှတ်ဖော်ပြထားသော နေရာကို ပိုင်ဆိုင်သူ သို့မဟုတ် တာဝန်ယူစီမံခန့်ခွဲသူကိုဆိုသည်။ ယင်းစကားရပ်တွင် ထိုသူက လွှဲအပ် တာဝန်ပေးထားသော ပုဂ္ဂိုလ်လည်း ပါဝင်သည်။
- ပုဒ်မ ၆ ပါ ဆေးလိပ်သောက်ခွင့်မရှိသောနေရာဖြစ်ကြောင်း စာတန်းအမှတ်အသား ဆောင်ရွက်ထားရှိရမည်။
- ပုဒ်မ ၇ ပါ နေရာတွင် ဆေးလိပ်သောက်ခွင့်နေရာ စီမံပေးခြင်းနှင့် သောက်ခွင့်ရှိသော နေရာဖြစ်ကြောင်း စာတန်းအမှတ်အသား ဆောင်ရွက်ထားရှိရမည်။
- ဆေးလိပ်သောက်ခွင့် မရှိသောနေရာတွင် ဆေးလိပ်သောက်ခြင်းမပြုရန် ကြပ်မတ်ဆောင်ရွက်ရမည်။
- ကြီးကြပ်ရေးအဖွဲ့က လာရောက်စစ်ဆေးခြင်းကိုခံယူရမည်။

➢ ***အခန်း(၇)စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း***

- အခန်း(၇) ပုဒ်မ ၁၀ တွင် "စီမံခန့်ခွဲရေးနည်းလမ်းအရအရေးယူခြင်း"ကို ဖော်ပြထားရာ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံ၊ ကျောင်း၊ ဘာသာရပ်သင်ကိုယ်ပိုင်သင်တန်းနှင့် သင်တန်းကျောင်းများ၏ တာဝန်ခံပုဂ္ဂိုလ်သည် ပုဒ်မ ၆၊ ပုဒ်မခွဲ (င)၊ (စ)နှင့် (ဃ) တို့တွင် ဖော်ပြထားသောနေရာ၌ ဆေးလိပ်သောက်ခြင်း သို့မဟုတ် မီးညှိထားသော ဆေးလိပ်ကို ကိုင်ဆောင်ခြင်းပြုသူအား စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ် ချမှတ်နိုင်ကြောင်းဖော်ပြထားပါသည် –

  (က) ပထမအကြိမ်ကျူးလွန်မှုအတွက် ပညာပေးခြင်း၊ သတိပေးခြင်းနှင့် မိဘ သို့မဟုတ် အုပ်ထိန်းသူကို အသိပေးခြင်း၊

  (ခ) ထပ်မံကျူးလွန်မှုများအတွက် သက်ဆိုင်ရာဝန်ကြီးဌာနက ဗဟိုအဖွဲ့နှင့် ညှိနှိုင်းသတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီ အရေးယူခြင်း

➢ ***အခန်း(၈)တွင် ပြစ်မှုပြစ်ဒဏ်များကို ပြဋ္ဌာန်းထားပြီး ပုဒ်မပေါင်း (၇)ခုပါရှိပါသည်။***
***ပုဒ်မ ၁၁ – ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းကို တွင်ကျယ်စွာ ဖြန့်ဖြူးရောင်းချနိုင်ရေး အတွက် အောက်ပါပြုလုပ်မှု တစ်ခုခုကိုပြုလုပ်ပါက***

- ပထမကြိမ် ငွေဒဏ် အနည်းဆုံး ကျပ် ၂၀,၀၀၀ မှ အများဆုံးကျပ် ၅၀,၀၀၀ အထိ
- ဒုတိယအကြိမ်နှင့်အထက်– ၂ နှစ်ထက်မပိုသော ထောင်ဒဏ်အပြင် ငွေဒဏ် အနည်းဆုံး ကျပ် ၅၀,၀၀၀ မှ အများဆုံးကျပ် ၂၀၀,၀၀၀ အထိချမှတ်ခြင်း

(က) ကြော်ငြာဆိုင်းဘုတ် စိုက်ထူခြင်း၊ ရေးဆွဲဖော်ပြ၍ ကြော်ငြာခြင်း၊ ကြော်ငြာ ချိတ်ဆွဲခြင်း၊ ကြော်ငြာကပ်ခြင်း၊ ကြော်ငြာလက်ကမ်းစာရွက်ဝေငှခြင်း သို့မဟုတ် အခြား တစ်နည်းနည်းဖြင့် ကြော်ငြာခြင်း

(ခ) ရေဒီယို၊ ရုပ်ရှင်၊ ရုပ်မြင်သံကြားနှင့် ဗီဒီယိုတို့ဖြင့် ဖြစ်စေ၊ အဆင့်မြင့် နည်းပညာသုံး ဆက်သွယ်ရေးစနစ်ဖြင့်ဖြစ်စေ လူထုဆက်သွယ်ရေးလမ်းကြောင်းမှ ထုတ်လွှင့်ခြင်း သို့မဟုတ် ပြသခြင်း

(ဂ) သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းနှင့် လက်ကမ်းစာစောင်များတွင် ဖော်ပြခြင်း သို့မဟုတ် ယင်းတို့ကို ဖြန့်ချိခြင်း

(ဃ) ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း၏ အမှတ်တံဆိပ်ပါသောပစ္စည်းကို အခမဲ့ ဖြန့်ဖြူးခြင်း၊ ဝေငှခြင်း သို့မဟုတ် လက်ဆောင်ပေးခြင်း

(င) အားကစားပွဲ၊ ပျော်ပွဲရွှင်ပွဲ သို့မဟုတ် ပြပွဲကျင်းပနိုင်ရန်ဖြစ်စေ၊ အကျိုးပြုလုပ်ငန်း တစ်ခုခုကိုပြုလုပ်နိုင်ရန်ဖြစ်စေ အထောက်အပံ့ပေးခြင်း သို့မဟုတ် ဝန်ဆောင်မှုပေးခြင်း

(စ) လူ့အသုံးအဆောင်ပစ္စည်း တစ်ခုခုတွင် ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း၏ အမှတ်တံဆိပ်ကို ဖော်ပြခြင်း

(ဆ) အခြားတစ်နည်းနည်းဖြင့် ဆောင်ရွက်ခြင်း

*ပုဒ်မ ၁၂ – မည်သူမဆို အောက်ပါပြုလုပ်မှု တစ်ခုခုကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက*

- ၂ နှစ် ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်း

(က) လာရောက်စစ်ဆေးသော ကြီးကြပ်ရေးအဖွဲ့ကို ဟန့်တားခြင်း၊ နှောင့်ယှက်ခြင်း၊ တားဆီးခြင်း၊ လက်ရောက်မှုကျူးလွန်ခြင်း

(ခ) ဆေးလိပ်သောက်ခွင့်မပြုသော နေရာ၌ ဆေးလိပ်မသောက်ရန် ကြပ်မတ်သည့် တာဝန်ခံပုဂ္ဂိုလ်ကို ဟန့်တားခြင်း၊ နှောင့်ယှက်ခြင်း၊ တားဆီးခြင်း၊ လက်ရောက်မှု ကျူးလွန်ခြင်း

*ပုဒ်မ ၁၃ – အောက်ပါပြုလုပ်မှုတစ်ခုခုကိုကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက*

- ပထမအကြိမ်–ငွေဒဏ်အနည်းဆုံးကျပ် ၁၀,၀၀၀မှ အများဆုံးကျပ် ၃၀,၀၀၀ အထိ
- ဒုတိယအကြိမ်နှင့်အထက် – (၁)နှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်အနည်းဆုံးကျပ် ၃၀,၀၀၀ မှ အများဆုံးကျပ် ၁၀၀,၀၀၀ အထိ

(က) ဆေးလိပ်သောက်ခြင်းကြောင့် ကျန်းမာရေးကို ဆိုးရွားစွာ ထိခိုက်စေနိုင်ကြောင်း စာတန်းမဖော်ပြဘဲ ထုတ်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချခြင်း၊

(ခ) ဗဟိုအဖွဲ့က သတ်မှတ်သော အဆိပ်အတောက်ဖြစ်စေသည့် ဓါတ်ပစ္စည်း အာနိသင်ထက် လျော့ပါးပါဝင်သည်ဟု မမှန်မကန်ဖော်ပြပြီး ထုတ်လုပ်ခြင်း၊ သိလျက်နှင့် ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်း၊

(ဂ) စီးပွားရေးအလို့ငှာ အမှတ်တံဆိပ်မပါရှိဘဲ ထုတ်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချခြင်း၊

(ဃ) ဆေးလိပ်၊ ဆေးရွက်ကြီးတစ်ခုခု၏ အမှတ်တံဆိပ်ဖော်ပြထားသော အခြားကုန်ပစ္စည်း ထုတ်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချခြင်း၊

(င) ဆေးလိပ်ပုံကစားစရာ၊ စားသောက်ဖွယ်ရာ၊ အသုံးအဆောင်ကို ထုတ်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချခြင်း၊

*ပုဒ်မ ၁၄ – အောက်ပါပြုလုပ်မှုတစ်ခုခုကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက*

- ပထမအကြိမ်–ငွေဒဏ်အနည်းဆုံးကျပ် ၁၀,၀၀၀မှ အများဆုံးကျပ် ၃၀,၀၀၀ အထိ
- ဒုတိယအကြိမ်နှင့်အထက် – (၁)နှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ် အနည်းဆုံးကျပ် ၃၀,၀၀၀ မှ အများဆုံးကျပ် ၁၀၀,၀၀၀ အထိ

(က) ကျောင်းပရိဝုဏ်အတွင်းနှင့် ကျောင်းပရိဝုဏ်မှ ပေ ၁၀၀ အတွင်း ဆေးလိပ်ရောင်းချခြင်း၊

(ခ) ကုန်ပစ္စည်းတစ်မျိုးမျိုး ဖြန့်ဖြူးခြင်း သို့မဟုတ် ရောင်းချခြင်းပြုရာတွင် ဆေးလိပ်နှင့် ဆေးရွက်ကြီး ထွက်ပစ္စည်းကိုလည်းကောင်း၊ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း ဖြန့်ဖြူးခြင်း သို့မဟုတ် ရောင်းချခြင်းပြုရာတွင် အခြားကုန်ပစ္စည်းတစ်မျိုးမျိုးကို လည်းကောင်း တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထပ်ဆောင်းပေးခြင်း၊ လက်ဆောင် ပေးခြင်း သို့မဟုတ် တွဲဖက်ပေးခြင်း၊

(ဂ) ဆေးလိပ်ကို ပစ္စည်းရောင်းစက်ဖြင့် ရောင်းချခြင်း၊

(ဃ) အသက် ၁၈နှစ် မပြည့်သေးသောသူအား ဆေးလိပ်ကို ရောင်းချခြင်း သို့မဟုတ် ပေးကမ်းခြင်း၊

(င) အသက် ၁၈ နှစ် မပြည့်သေးသောသူကို ဆေးလိပ်ဖြန့်ဖြူးခြင်း သို့မဟုတ် ရောင်းချခြင်း ပြုရာတွင် ခိုင်းစေခြင်း၊

(စ) အသက် ၁၈ နှစ် မပြည့်သေးသောသူထံမှ ပစ္စည်းတစ်ခုခုကို ဆေးလိပ်နှင့် လဲလှယ်ခြင်း၊

(ဆ) ဆေးလိပ်သောက်ခွင့်မရှိသောနေရာဖြစ်ကြောင်း သို့မဟုတ် ဆေးလိပ်သောက်ခွင့်ရှိသော သီးသန့်နေရာဖြစ်ကြောင်း ဖော်ညွှန်းသည့် စာတန်းနှင့်အမှတ်အသားများကို ဖျက်ဆီးခြင်း။

*ပုဒ်မ ၁၅ – အောက်ပါပြုလုပ်မှုတစ်ခုခုကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက*

- ပထမအကြိမ်–ငွေဒဏ်အနည်းဆုံးကျပ် ၁,၀၀၀မှ အများဆုံးကျပ် ၃,၀၀၀ အထိ
- ဒုတိယအကြိမ်နှင့်အထက် – ငွေဒဏ်အနည်းဆုံးကျပ် ၃,၀၀၀ မှ အများဆုံးကျပ် ၁၀,၀၀၀ အထိ

(က) စီးကရက်ကို လွယ်ကူစွာဝယ်ယူသောက်သုံးနိုင်စေရန် တစ်လိပ်ချင်းဖြစ်စေ၊ အလိပ် ၂၀ ထက်နည်းသောအထုတ်ဖြင့်ဖြစ်စေ ရောင်းချခြင်း၊

(ခ) ဆေးလိပ်ရောင်းချသူဖြစ်ပါက ဆေးလိပ်သောက်ခြင်းကြောင့် ကျန်းမာရေးကိုဆိုးရွားစွာ ထိခိုက်စေနိုင်ကြောင်း မြန်မာဘာသာဖြင့် သတိပေးစာတန်းကို ဆေးလိပ်ရောင်းချသည့် နေရာတွင် ထင်ရှားမြင်သာစွာ ဖော်ပြထားရှိရန် ပျက်ကွက်ခြင်း၊

(ဂ) ဆေးလိပ်ရောင်းချသူဖြစ်ပါက အသက် ၁၈ နှစ်မပြည့်သေးသောသူကို ဆေးလိပ်ရောင်းချခြင်းမပြုကြောင်း မြန်မာဘာသာဖြင့် အသိပေးစာတန်းကို ဆေးလိပ်ရောင်းချသည့်နေရာတွင် ထင်ရှားမြင်သာစွာ ဖော်ပြထားရှိရန်ပျက်ကွက်ခြင်း။

***ပုဒ်မ ၁၆ – ဆေးလိပ်မသောက်ရနေရာများကို ပိုင်ဆိုင်သည့် တာဝန်ခံပုဂ္ဂိုလ်များအတွက် ဖြစ်သည်။***

- တာဝန်ခံပုဂ္ဂိုလ်က ပုဒ်မ ၉ ပါ တာဝန်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက
- ပထမအကြိမ်–ငွေဒဏ်အနည်းဆုံးကျပ် ၁,၀၀၀ မှ အများဆုံးကျပ် ၃,၀၀၀ အထိ
- ဒုတိယအကြိမ်နှင့်အထက် – ငွေဒဏ်အနည်းဆုံးကျပ် ၃,၀၀၀ မှ အများဆုံးကျပ် ၁၀,၀၀၀ အထိ

***ပုဒ်မ ၁၇***

- ပုဒ်မ ၆(င)၊(စ)နှင့်(ဃ)တို့တွင် ဖော်ပြပါရှိသောနေရာများမှအပ ပုဒ်မ ၆ နှင့် ၇ တို့ပါ ဆေးလိပ်သောက်ခွင့် မရှိသောနေရာတို့တွင် ဆေးလိပ်သောက်ခြင်း၊ မီးညှိထားသော ဆေးလိပ်ကို ကိုင်ဆောင်ခြင်း
- ငွေဒဏ်အနည်းဆုံးကျပ် ၁,၀၀၀ မှ အများဆုံးကျပ် ၅,၀၀၀ အထိ

➢ ***အခန်း(၉) အထွေထွေ***

- ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများဖြစ်သည်။
- ပုဒ်မ ၁၇ အရ ဖမ်းဆီးခြင်းခံရသူကို အာမခံပေးရမည်။
- ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေ၊ လုပ်ထုံး လုပ်နည်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။
- ကျန်းမာရေးဦးစီးဌာနသည် အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

**ထုတ်ပြန်ထားပြီးသည့် အမိန့်ကြော်ငြာစာနှင့် ညွှန်ကြားချက်များ**

- နိုင်ငံတော်သမ္မတရုံး၏ ၁၅–၆–၂၀၁၁ ရက်စွဲပါ၊ စာအမှတ်၊ ၃၆(၁)/၇/သမ္မတရုံး၊ အစိုးရရုံးများ လိုက်နာရန် စည်းကမ်း၊

- ကျန်းမာရေးဝန်ကြီးဌာန ၃-၃-၂၀၁၄ ရက်စွဲပါ၊ အမိန့်ကြော်ငြာစာအမှတ်၊ ၅/၂၀၁၄ ဆေးလိပ်သောက်ခွင့်မရှိသောနေရာကို ဖော်ညွှန်းသည့် စာတန်းအမှတ်အသားများကို သတ်မှတ်သည့် အမိန့်၊
- ကျန်းမာရေးဝန်ကြီးဌာန ၃-၃-၂၀၁၄ ရက်စွဲပါ၊ အမိန့်ကြော်ငြာစာအမှတ်၊ ၆/၂၀၁၄ ဆေးလိပ်သောက်ခွင့်ရှိသော သီးသန့်နေရာ၌ စီမံထားရှိရမည့် လိုအပ်ချက်များ သတ်မှတ်သည့်အမိန့်၊
- ကျန်းမာရေးဝန်ကြီးဌာန ၂၉-၂-၂၀၁၆ ရက်စွဲပါ၊ အမိန့်ကြော်ငြာစာအမှတ်၊ ၁၁/၂၀၁၆ ဆေးလိပ်ထုပ်တွင် သတိပေးရုပ်ပုံနှင့် စာသားများ ပုံနှိပ်ဖော်ပြခြင်းဆိုင်ရာအမိန့်၊
- ပြည်ထောင်စုအစိုးရအဖွဲ့၏ ၁၃-၅-၂၀၁၉ ရက်စွဲပါ၊ အမိန့်ကြော်ငြာစာအမှတ် ၂၉/၂၀၁၉ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေးဗဟိုအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**

စာအမှတ်၊ ၃၆ ( ၁ ) / ၇ / သမ္မတရုံး
ရက်စွဲ ၊ ၂၀၁၁ခုနှစ်၊ ဇွန်လ ၁၅ ရက်

သို့

ပြည်ထောင်စုဝန်ကြီးဌာနအားလုံး
ပြည်ထောင်စုရှေ့နေချုပ်ရုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး
တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့အားလုံး

အကြောင်းအရာ။ **အစိုးရရုံးများ လိုက်နာရန် စည်းကမ်း**

၁။ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ရုံးဌာနအသီးသီးသည် အောက်ဖော်ပြပါ ကိစ္စရပ်များအား အလေးထားလိုက်နာရန် နိုင်ငံတော်သမ္မတက ညွှန်ကြားပါသည် -

( က ) နိုင်ငံတော်ပိုင်ရုံးဌာန အဆောက်အဦအဝန်းအဝိုင်းများအတွင်း ဆေးလိပ်သောက်ခြင်းကို တင်းကြပ်စွာတားမြစ်ရန်၊ ( သောက်သုံးသူသာမက ပတ်ဝန်းကျင်ရှိ လူအများကိုပါ ဆိုးရွားစွာ ကျန်းမာရေးထိခိုက်နိုင်ပြီး မီးဘေးအန္တရာယ်ဖြစ်ပွား နိုင်သောကြောင့် တားမြစ်ခြင်း )

( ခ ) အစိုးရအဆောက်အဦနှင့် အဝန်းအဝိုင်းအတွင်း ကွမ်းစားခြင်းကို တင်းကြပ်စွာ တားမြစ်ရန်၊ ( ကျန်းမာရေးကို ဆိုးရွားစွာ ထိခိုက်စေနိုင်ပြီး ကွမ်းတံတွေးကြောင့် ရုံးများ၏ အမြင်ပျက်စီးမှုကို ကာကွယ်ရန် )

( ဂ ) အပတ်စဉ် သောကြာနေ့ ရုံးမဆင်းမီ ရုံးသန့်ရှင်းရေးကို စုပေါင်းဆောင်ရွက်ရန်။

၂။ လက်အောက်သို့ ထိရောက်စွာ ကြပ်မတ်ဆောင်ရွက်သွားရန် အကြောင်းကြားအပ်ပါသည်။

ညွှန်ကြားရေးမှူးချုပ်

မိတ္တူကို

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
လွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**ကျန်းမာရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာ**

**အမှတ်၊ ၅ / ၂၀၁၄**

၁၃၇၅ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်

(၂၀၁၄ ခုနှစ်၊ မတ်လ ၃ ရက်)

ကျန်းမာရေးဝန်ကြီးဌာနသည် ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေး ဥပဒေ ပုဒ်မ ၈၊ ပုဒ်မခွဲ (ဃ) နှင့် ပုဒ်မ ၁၉၊ ပုဒ်မခွဲ (ခ) တို့အရ အပ်နှင်းသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အောက်ပါအမိန့်ကို ထုတ်ပြန်လိုက်သည်။

**ဆေးလိပ်သောက်ခွင့်မရှိသော နေရာကိုဖော်ညွှန်းသည့် စာတန်းနှင့်အမှတ်အသားများကို သတ်မှတ်သည့် အမိန့်**

၁။ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဥပဒေ ပုဒ်မ ၆ နှင့် ၇ ပါ ဆေးလိပ်သောက်ခွင့်မရှိသော နေရာ၏တာဝန်ခံပုဂ္ဂိုလ်သည် မိမိနှင့်သက်ဆိုင်သော နေရာရှိလူအများ မြင်သာသည့်နေရာ၌ ဆေးလိပ်သောက်ခွင့်မရှိသောနေရာကို ဖော်ညွှန်းသည့် အောက်ပါစာတမ်း အမှတ်အသားနှင့် ဆိုင်းဘုတ်ကို ချိတ်ဆွဲထားရမည် -

" ဆေးလိပ်သောက်ခွင့်မရှိသောနေရာ "

ဖောက်ဖျက်ပါက ဥပဒေအရ အပြစ်ပေးခြင်း ခံရမည်။

" NO-SMOKING AREA "

Penalties Apply



D/(2013)General/Order

၂။ အထက်အပိုဒ် ၁ တွင် ဖော်ညွှန်းသည့် စာတမ်းအမှတ်အသားနှင့် ဆိုင်းဘုတ်သည် -

(က) အလျား ၁၈ လက်မ၊ အနံ ၁၂ လက်မအောက် မငယ်သောအရွယ်အစား ဖြစ်ရမည်။

(ခ) အောက်ခံအဖြူရောင်ပေါ်တွင် **"ဆေးလိပ်သောက်ခွင့်မရှိသောနေရာ"** ဆိုသည့် စာသားကို အနက်ရောင်ဖြင့် ထင်ရှားစွာရေးသားရမည်။

(ဂ) မီးညှိထားသည့် စီးကရက်ဆေးလိပ်ပုံ ပါရှိသောစက်ဝိုင်းနှင့် ကန့်လန့်ဖြတ်မျဉ်းကို အနီရောင်ဖြင့် ချယ်၍ ရေးသားရမည်။

၃။ တာဝန်ခံပုဂ္ဂိုလ်သည် အမိန့် အပိုဒ် ၁ နှင့် ၂ တို့ပါ တာဝန်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ပါက ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဥပဒေ ပုဒ်မ ၁၆ အရ အရေးယူခြင်းခံရမည်။

၄။ မည်သူမဆို ဆေးလိပ်သောက်ခွင့်မရှိသော နေရာတစ်ခုခုတွင် ဆေးလိပ်သောက်ခြင်း သို့မဟုတ် မီးညှိထားသည့် ဆေးလိပ် ကိုင်ဆောင်ထားခြင်းပြုပါက ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဥပဒေ ပုဒ်မ ၁၇ အရ အရေးယူခြင်းခံရမည်။

(ဒေါက်တာဖေသက်ခင်)
ပြည်ထောင်စုဝန်ကြီး

စာအမှတ်၊ ၄မခ(ယ) ၂၀၁၄ /၃၁၄၁
ရက်စွဲ၊ ၂၀၁၄ ခုနှစ်၊ မတ်လ(၃)ရက်

**ဖြန့်ဝေခြင်း**

၁။ နိုင်ငံတော်သမ္မတရုံး
၂။ နိုင်ငံတော်သမ္မတဦးစီးရုံး
၃။ ဒုတိယသမ္မတ(၁)ဦးစီးရုံး
၄။ ဒုတိယသမ္မတ(၂)ဦးစီးရုံး
၅။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
၆။ ပြည်ထောင်စုလွှတ်တော်ရုံး
၇။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး

D/(2013)General/Order

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**ကျန်းမာရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာ**

**အမှတ်၊** ၆ / ၂၀၁၄

၁၃၇၅ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်

(၂၀၁၄ ခုနှစ်၊ မတ်လ ၃ ရက်)

ကျန်းမာရေးဝန်ကြီးဌာနသည် ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေး ဥပဒေ ပုဒ်မ ၈၊ ပုဒ်မခွဲ (ဂ)နှင့် (ဃ)၊ ပုဒ်မ ၁၉၊ ပုဒ်မခွဲ (ခ) တို့အရ အပ်နှင်းသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အောက်ပါအမိန့်ကို ထုတ်ပြန်လိုက်သည်။

**ဆေးလိပ်သောက်ခွင့်ရှိသော သီးသန့်နေရာ၌ စီမံထားရှိရမည့်**
**လိုအပ်ချက်များ သတ်မှတ်သည့် အမိန့်**

၁။ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဥပဒေ ပုဒ်မ ၇ ပါ ဆေးလိပ်သောက်ခွင့်မရှိသော နေရာ၏တာဝန်ခံပုဂ္ဂိုလ်သည် မိမိနှင့်သက်ဆိုင်သော နေရာရှိလူအများ မြင်သာသည့်နေရာ၌ ဆေးလိပ်သောက်ခွင့်ရှိသော သီးသန့်နေရာကို ဖော်ညွှန်းသည့် အောက်ပါ စာတမ်းအမှတ်အသားနှင့် ဆိုင်းဘုတ်ကို ချိတ်ဆွဲထားရမည် -

**“ ဆေးလိပ်သောက်ခွင့်ရှိသောနေရာ ”**

“ DESIGNATED SMOKING AREA ”

**ဤနေရာမှ ကျော်လွန်၍ ဆေးလိပ်မသောက်ရ။**

**ဆေးလိပ်သောက်ပါက ဥပဒေအရ အပြစ်ပေးခြင်း ခံရမည်။**

**“ NO-SMOKING BEYOND THIS POINT ”**

**Penalties Apply**

D/(2013)General/Order

“ဆေးလိပ်သောက်ခြင်းသည် ကျန်းမာရေးကို ဆိုးရွားစွာ ထိခိုက်စေပါသည်။”

**Smoking is dangerous to health.**



၂။ အထက် အပိုဒ် ၁ တွင် ဖော်ညွှန်းသည့် စာတမ်းအမှတ်အသားနှင့် ဆိုင်းဘုတ်သည် -

(က) အလျား ၁၈ လက်မ၊ အနံ ၁၂ လက်မထက် မကြီးသောအရွယ်အစား ဖြစ်ရမည်။

(ခ) အောက်ခံအဖြူရောင်ပေါ်တွင် သတိပေးစာသားကို အနက်ရောင်ဖြင့် ထင်ရှားစွာ ရေးသားရမည်။

၃။ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဥပဒေ ပုဒ်မ ၇၊ ပုဒ်မခွဲ (စ) ပါ ခရီးသည် သယ်ယူပို့ဆောင်သော ရထားနှင့်ရေယာဉ်များမှတစ်ပါး အခြားဆေးလိပ်သောက်ခွင့်မရှိသော နေရာ၏တာဝန်ခံပုဂ္ဂိုလ်သည် မိမိနှင့်သက်ဆိုင်သောနေရာတွင် ဆေးလိပ်သောက်ခွင့်ရှိသော သီးသန့် နေရာကို အောက်ပါအချက်များနှင့်အညီ စီမံထားရှိရမည် -

(က) အဆောက်အအုံ၏ပြင်ပ၊ အဆောက်အအုံဝင်ပေါက်၊ ပြူတင်းပေါက်များနှင့် အနည်းဆုံး ၁၀ မီတာ အကွာတွင် သတ်မှတ်ပေးခြင်း၊

(ခ) အမိုးအကာမရှိသော နေရာဖြစ်ခြင်း၊

(ဂ) ဆေးလိပ်ငွေ့သည် အနီးပတ်ဝန်းကျင်ရှိ ဆေးလိပ်မသောက်သူများထံသို့ ရောက်ရှိပျံ့နှံ့မှု မရှိနိုင်သော နေရာဖြစ်ခြင်း။

၄။ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဥပဒေ ပုဒ်မ ၇၊ ပုဒ်မခွဲ (စ) ပါ ဆေးလိပ်သောက်ခွင့်မရှိသော ခရီးသည်သယ်ယူပို့ဆောင်သော ရထား သို့မဟုတ် ရေယာဉ်များ၏ တာဝန်ခံပုဂ္ဂိုလ်သည် မိမိနှင့်သက်ဆိုင်သော ရထား သို့မဟုတ် ရေယာဉ်တွင် ဆေးလိပ်သောက်ခွင့် ရှိသော သီးသန့်နေရာကို အောက်ပါအချက်များနှင့်အညီ စီမံထားရှိရမည် -

(က) သီးသန့်အခန်း သို့မဟုတ် သီးသန့်နေရာဖြစ်ခြင်း၊

(ခ) လေဝင်လေထွက် ကောင်းမွန်ခြင်း၊

(ဂ) ဆေးလိပ်ငွေ့သည် အနီးပတ်ဝန်းကျင်ရှိ ဆေးလိပ်မသောက်သူများထံသို့ ရောက်ရှိပျံ့နှံ့မှု မရှိနိုင်သော နေရာဖြစ်ခြင်း။

၅။ တာဝန်ခံပုဂ္ဂိုလ်သည် အမိန့် အပိုဒ် ၁ မှ ၄ အထိပါ တာဝန်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ပါက ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဥပဒေ ပုဒ်မ ၁၆ အရ အရေးယူခြင်းခံရမည်။

၆။ မည်သူမဆို ဆေးလိပ်သောက်ခွင့်ရှိသော သီးသန့်နေရာမှ ကျော်လွန်၍ ဆေးလိပ်မသောက်ရသော နေရာတစ်ခုခုတွင် ဆေးလိပ်သောက်ခြင်း သို့မဟုတ် မီးညှိထားသည့်ဆေးလိပ် ကိုင်ဆောင်ထားခြင်းပြုပါက ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဥပဒေ ပုဒ်မ ၁၇ အရ အရေးယူခြင်းခံရမည်။

(ဒေါက်တာဖေသက်ခင်)
ပြည်ထောင်စုဝန်ကြီး

စာအမှတ်၊ ၄မခ(ဃ) ၂၀၁၄ /၃၁၄၂
ရက်စွဲ၊ ၂၀၁၄ ခုနှစ်၊ မတ်လ(၃)ရက်

**ဖြန့်ဝေခြင်း**

၁။ နိုင်ငံတော်သမ္မတရုံး
၂။ နိုင်ငံတော်သမ္မတဦးစီးရုံး
၃။ ဒုတိယသမ္မတ(၁)ဦးစီးရုံး
၄။ ဒုတိယသမ္မတ(၂)ဦးစီးရုံး
၅။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
၆။ ပြည်ထောင်စုလွှတ်တော်ရုံး
၇။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး
၈။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
၉။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
၁၀။ ပြည်ထောင်စုဝန်ကြီးဌာနအားလုံး
၁၁။ ပြည်ထောင်စုရှေ့နေချုပ်ရုံး
၁၂။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

D/(2013)General/Order

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ကျန်းမာရေးဝန်ကြီးဌာန**

အမိန့်ကြော်ငြာစာအမှတ်၊ ၁၁ /၂၀၁၆

၁၃၇၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက်

( ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၉ ရက် )

ကျန်းမာရေးဝန်ကြီးဌာနသည် ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေး ဥပဒေ ပုဒ်မ ၈၊ ပုဒ်မခွဲ (င)နှင့် ပုဒ်မ ၁၉၊ ပုဒ်မခွဲ (ခ)တို့အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ (၂၀၁၆)ခုနှစ်၊ ဇန်နဝါရီလ (၂၈)ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ်(၄/၂၀၁၆) သဘောတူညီချက်အရ အောက်ပါအမိန့်ကို ထုတ်ပြန်လိုက်သည်-

## အခန်း (၁)

## အမည်နှင့် စတင်အာဏာသက်ရောက်ခြင်း

၁။ (က) ဤအမိန့်ကြော်ငြာစာ၏ အမည်ကို "ဆေးလိပ်ထုပ်တွင် သတိပေးရုပ်ပုံနှင့် စာသားများ ပုံနှိပ်ဖော်ပြခြင်းဆိုင်ရာအမိန့်" ဟု ခေါ်တွင်စေရမည်။

(ခ) ဤအမိန့်ကြော်ငြာစာသည် အမိန့်ထုတ်ပြန်ပြီး ခြောက်လပြည့်မြောက်သည့်နေ့မှစ၍ စတင် အာဏာသက်ရောက်စေရမည်။

## အခန်း (၂)

## ဆေးလိပ်ထုပ်ပေါ်တွင် ဖော်ပြရမည့် သတိပေးစာသားနှင့် ရုပ်ပုံများ

၂။ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း ထုတ်လုပ်သူသည် ဆေးလိပ်ထုပ်ပေါ်တွင် သတိပေး ရုပ်ပုံနှင့် စာသားများကို အောက်ပါ သတ်မှတ်ချက်များနှင့်အညီ ဖော်ပြရမည် -

(က) စီးကရက်ကို ထုပ်ပိုးသည့် ဆေးလိပ်ထုပ် (တစ်ဘူးချင်းနှင့် ကာတွန်းဘူးများ)ပေါ်တွင် အောက်ပါအတိုင်း ပုံနှိပ်ဖော်ပြရမည် -

(၁) "ဆေးလိပ်သောက်ခြင်းကြောင့် ခံတွင်းကင်ဆာ ဖြစ်နိုင်သည်။" ဟူသော စာသား ကို ဘူး၏ ရှေ့မျက်နှာပြင်နှင့် နောက်မျက်နှာပြင်တွင်လည်းကောင်း၊ "ဆေးလိပ် သောက်ခြင်းသည် ကျန်းမာရေးကို ဆိုးရွားစွာ ထိခိုက်စေပါသည်။" ဟူသော စာသားကို ဘူး၏ အပေါ်မျက်နှာပြင်တွင်လည်းကောင်း၊ "ဆေးလိပ်တွင် နိုင်ထရိုစမင်း၊ ဘင်ဇိုပိုင်ရင်း စသော ကင်ဆာဖြစ်စေသော ဓါတ်ပစ္စည်းများ ပါဝင်သည်၊ ဆေးလိပ်ဖြတ်ပါ။" ဟူသော စာသားကို ဘူး၏ ဘယ်ဘက်ဘေး မျက်နှာပြင်တွင် လည်းကောင်း၊ "ဆေးလိပ်တွင် ပါဝင်သော နီကိုတင်း၊ ကတ္တရာနှင့် ကာဗွန်မိုနောက်ဆိုဒ် တို့သည် နှလုံးရောဂါနှင့် အဆုတ်ရောဂါကို ဖြစ်စေသည်၊ ဆေးလိပ် ဖြတ်ပါ။" ဟူသော စာသားကို ဘူး၏ ညာဘက်ဘေး မျက်နှာပြင်တွင်လည်းကောင်း မြန်မာဘာသာဖြင့် ပုံနှိပ်ဖော်ပြခြင်း၊

(၂) သတိပေးစာသား၏ စာလုံး အမျိုးအစားကို W 02 art house အသုံးပြုဖော်ပြခြင်း၊

(၃) သတိပေးစာသား၏ စာလုံးအရွယ်အစားကို ဘူး၏ ရှေ့နှင့်နောက် မျက်နှာပြင်တွင် Font Size 18.45 ဖြင့်လည်းကောင်း၊ ဘူး၏အပေါ်နှင့် ဘေးဘက်မျက်နှာပြင်တွင် Font Size 12 ဖြင့်လည်းကောင်း ဖော်ပြခြင်း၊

(၄) နောက်ခံအရောင်နှင့် စာလုံးအရောင်ကို နောက်ခံအနက်ရောင်ပေါ်တွင် သတိပေးစာသားကို အဖြူရောင်ဖြင့် ဖော်ပြခြင်း၊

(၅) အရောင်အမျိုးအစားကို စာသား၏ အရောင်ကို အပြာ(C)= ၀% ၊ အနီ(M)= ၀%၊ အဝါ (Y)= ၀% ၊ အနက်(K)= ၀% ဖြင့်လည်းကောင်း၊ စာသားနှင့် ရုပ်ပုံ၏ နောက်ခံအရောင်ကို အပြာ(C)= ၅၀ % ၊ အနီ(M)= ၅၀ % ၊ အဝါ (Y)= ၅၀ % ၊ အနက်(K)= ၁၀၀ % ဖြင့်လည်းကောင်း အသုံးပြုဖော်ပြခြင်း၊

(၆) ရုပ်ပုံကို အောက်ဖော်ပြပါ သတိပေးရုပ်ပုံနှင့်စာသားကို စီးကရက်ဘူး၏ ရှေ့မျက်နှာပြင်နှင့် နောက်မျက်နှာပြင်၏ အပေါ်ပိုင်း ၇၅ % ထက် မနည်းစေဘဲ ပုံနှိပ်ဖော်ပြရမည်။ ထို ၇၅% အနက် ရုပ်ပုံကို ၅၀% နှင့် သတိပေးစာတမ်းကို ၂၅% ဖော်ပြခြင်း၊




(၇) ရုပ်ပုံ၏ အရည်အသွေးကို ကျန်းမာရေးဝန်ကြီးဌာနမှ စီးကရက် ထုတ်လုပ်သူများသို့ ပေးပို့မည့် စီဒီတွင် ပါဝင်သည့် အရည်အသွေးအတိုင်း ပုံနှိပ်ဖော်ပြခြင်း။

(ခ) ဆေးပေါ့လိပ်နှင့် ဆေးပြင်းလိပ်ကို ထုပ်ပိုးသည့် ဆေးလိပ်ထုပ်ပေါ်တွင် အောက်ပါအတိုင်း ပုံနှိပ်ဖော်ပြရမည် -

(၁) ဆေးလိပ်ထုပ်ကို လေးထောင့်ပုံစံ ထုပ်ပိုးထားပါက ဆေးလိပ်ထုပ်၏ ရှေ့မျက်နှာပြင်နှင့် နောက်မျက်နှာပြင် အပေါ်ပိုင်းတွင်လည်းကောင်း၊ အဝိုင်းစည်းပုံစံ ထုပ်ပိုးထားပါက ဆန့်ကျင်ဘက်မျက်နှာပြင်နှစ်ဘက်လုံး၏ အပေါ်ပိုင်းတွင်လည်းကောင်း၊ "ဆေးလိပ်သောက်ခြင်းကြောင့် ခံတွင်းကင်ဆာ ဖြစ်နိုင်သည်၊ ဆေးလိပ်ဖြတ်ပါ။" ဟူသော စာသားကို မြန်မာဘာသာဖြင့် ပုံနှိပ်ဖော်ပြခြင်း၊

(၂) သတိပေးစာသား၏စာလုံးအမျိုးအစားကို W 02 art house အသုံးပြုဖော်ပြခြင်း၊

(၃) သတိပေးစာသား၏ စာလုံးအရွယ်အစားကို Font Size 18.45 ဖြင့် ဖော်ပြခြင်း၊

(၄) နောက်ခံအရောင်နှင့် စာလုံးအရောင်ကို နောက်ခံ အနက်ရောင်ပေါ်တွင် သတိပေးစာသားကို အဖြူရောင်ဖြင့် ဖော်ပြခြင်း၊

(၅) အရောင်အမျိုးအစားကို စာသား၏ အရောင်ကို အပြာ(C)= ၀% ၊ အနီ(M)= ၀% ၊ အဝါ (Y)= ၀% ၊ အနက်(K)= ၀% ဖြင့်လည်းကောင်း၊ စာသားနှင့် ရုပ်ပုံ၏ နောက်ခံအရောင်ကို အပြာ(C)= ၅၀ % ၊ အနီ(M)= ၅၀ % ၊ အဝါ (Y)= ၅၀ % ၊ အနက်(K)= ၁၀၀ % ဖြင့်လည်းကောင်း အသုံးပြုဖော်ပြခြင်း၊

(၆) ရုပ်ပုံကို အောက်ဖော်ပြပါ သတိပေးရုပ်ပုံနှင့်စာသားကို ဆေးလိပ်ထုပ်၏ ရှေ့မျက်နှာပြင်နှင့် နောက်မျက်နှာပြင်၏ အပေါ်ပိုင်း ၇၅ % ထက် မနည်းစေဘဲ ပုံနှိပ်ဖော်ပြ၍ ထို ၇၅% အနက် ရုပ်ပုံကို ၅၀% နှင့် သတိပေးစာတမ်းကို ၂၅% ဖော်ပြခြင်း၊




(၇) ရုပ်ပုံ၏ အရည်အသွေးကို ကျန်းမာရေးဝန်ကြီးဌာနမှ ဆေးလိပ်ထုတ်လုပ်သူများသို့ ပေးပို့မည့်စီဒီတွင် ပါဝင်သည့် အရည်အသွေးအတိုင်း ပုံနှိပ်ဖော်ပြခြင်း။

(ဂ) ဆေးရွက်ကြီးနှင့် ဆေးပေါင်းကို ထုပ်ပိုးသည့် ဆေးလိပ်ထုပ်ပေါ်တွင် အောက်ပါအတိုင်း ပုံနှိပ်ဖော်ပြရမည် -

(၁) ဆေးရွက်ကြီးနှင့် ဆေးပေါင်းထုပ်ကို မည်သည့်ပုံစံဖြင့် ထုပ်ပိုးထားသည်ဖြစ်စေ အထုပ်၏အပေါ်ပိုင်းတွင် " ဆေးရွက်ကြီးထွက်ပစ္စည်းကို စားသုံးခြင်းကြောင့် ခံတွင်းကင်ဆာ ဖြစ်နိုင်သည်။" ဟူသော စာသားကို မြန်မာဘာသာဖြင့် ပုံနှိပ်ဖော်ပြခြင်း၊

(၂) သတိပေးစာသား၏ စာလုံးအမျိုးအစားကို W 02 art house အသုံးပြုဖော်ပြခြင်း၊

(၃) သတိပေးစာသား၏ စာလုံးအရွယ်အစားကို Font Size 18.45 ဖြင့် ဖော်ပြခြင်း၊

(၄) နောက်ခံအရောင်နှင့် စာလုံးအရောင်ကို နောက်ခံ အနက်ရောင်ပေါ်တွင် သတိပေးစာသားကို အဖြူရောင်ဖြင့် ဖော်ပြခြင်း၊

(၅) အရောင်အမျိုးအစားကို စာသား၏ အရောင်ကို အပြာ(C)= ၀% ၊ အနီ(M)= ၀% ၊ အဝါ (Y)= ၀% ၊ အနက်(K)= ၀% ဖြင့် လည်းကောင်း၊ စာသားနှင့် ရုပ်ပုံ၏ နောက်ခံအရောင်ကို အပြာ(C)= ၅၀ % ၊ အနီ(M)= ၅၀ % ၊ အဝါ ( Y )= ၅၀ % ၊ အနက်(K)= ၁၀၀ % ဖြင့်လည်းကောင်း အသုံးပြုဖော်ပြခြင်း၊

(၆) ရုပ်ပုံကို အောက်ဖော်ပြပါ သတိပေးရုပ်ပုံနှင့်စာသားကို ဆေးရွက်ကြီးထုပ်အပေါ်ပိုင်း ၇၅ % ထက် မနည်းစေဘဲ ပုံနှိပ်ဖော်ပြ၍ ထို ၇၅% အနက် ရုပ်ပုံကို ၅၀% နှင့် သတိပေးစာတမ်းကို ၂၅% ဖော်ပြခြင်း၊




(၇) ရုပ်ပုံ၏ အရည်အသွေးကို ကျန်းမာရေးဝန်ကြီးဌာနမှ ဆေးရွက်ကြီးနှင့် ဆေးပေါင်း ထုတ်လုပ်သူများသို့ ပေးပို့မည့် စီဒီတွင် ပါဝင်သည့် အရည်အသွေးအတိုင်း ပုံနှိပ်ဖော်ပြခြင်း။

(ဃ) ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း ထုတ်လုပ်သူသည် ဆေးလိပ်ထုပ်ပေါ်တွင် အပိုဒ် ၂ (က)၊ (ခ)နှင့် (ဂ)ပါသတ်မှတ်ချက်များနှင့်အညီ သတိပေးရုပ်ပုံနှင့် စာသားကို ပုံနှိပ်ဖော်ပြရမည်။

(င) အပိုဒ် ၂ (က)၊ (ခ)နှင့် (ဂ)ပါသတိပေးရုပ်ပုံကို အမှတ်စဉ်(၁)အဖြစ် သတ်မှတ်ပြီး နောက်ဆက်တွဲ(က)ပါ သတိပေးရုပ်ပုံကို အမှတ်စဉ်အလိုက် ၁၂ လပြည့်တိုင်း ပြောင်းလဲဖော်ပြရမည်။

## အခန်း (၃)
## လိုက်နာရမည့် အခြားအချက်များ

၃။ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း ထုတ်လုပ်သူ၊ ဖြန့်ဖြူးသူ သို့မဟုတ် ရောင်းချသူသည် အောက်ဖော်ပြပါသတ်မှတ်ချက်များကို ရှောင်ကြဉ်ရမည် -

(က) ဆေးလိပ်ထုပ်ပေါ်ရှိ သတိပေးရုပ်ပုံနှင့် စာသားကို ဖျက်ဆီးခြင်း၊ ဖုံးအုပ်ခြင်း၊

(ခ) အခွန်ထမ်းဆောင်ပြီးကြောင်း ဖော်ပြသည့်တံဆိပ်ခေါင်း သို့မဟုတ် စာသားကို သတိပေးရုပ်ပုံနှင့် စာသားများပေါ်တွင် ဖုံးအုပ်ခြင်း၊

(ဂ) ဆေးလိပ်ထုပ်ပေါ်တွင် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း အရောင်းမြှင့်တင်ရာရောက်သည့် စာသား၊ အရောင်၊ ရုပ်ပုံ၊ ပစ္စည်း စသည်တို့ကို ဖော်ပြခြင်း၊

(ဃ) ဆေးလိပ်ထုပ်ပေါ်တွင် ကျန်းမာရေးကို ဆိုးရွားစွာ ထိခိုက်စေနိုင်မှု မရှိသည့်သဘော သက်ရောက်သည့် စာသား ( ဥပမာ - "Low tar" "Light" "ultra-light" "mild" "safe" စသည်)၊ ရုပ်ပုံနှင့် အမှတ်အသားများကို ဖော်ပြခြင်း။

## အခန်း (၄)
## အရေးယူခြင်း

၄။ ဤအမိန့်ကြော်ငြာစာတွင် သတ်မှတ်ထားသည့်အတိုင်း သတိပေးရုပ်ပုံနှင့် စာသားများ ပုံနှိပ်ဖော်ပြထားခြင်းမရှိသော ဆေးလိပ်ထုပ်များကို ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်း ပြုလုပ်သူ သို့မဟုတ် ဆေးလိပ်ထုပ်ပိုးရာတွင် လိုက်နာရမည့် အချက်များကို ဖောက်ဖျက်သူ မည်သူမဆို ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေး ဥပဒေ ပုဒ်မ ၁၃၊ ပုဒ်မခွဲ (က)အရ အရေးယူခြင်းခံရမည်။

(ဒေါက်တာသန်းအောင်)
ပြည်ထောင်စုဝန်ကြီး

စာအမှတ် ၊ ၄မခ(ဃ) ၂၀၁၆/ ၃၃၂၂
ရက်စွဲ ၊ ၂၀၁၆ ခုနှစ် ၊ ဖေဖော်ဝါရီလ( ၂၉ )ရက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုအစိုးရအဖွဲ့

အမိန့်ကြော်ငြာစာအမှတ် ၂၈ /၂၀၁၉

၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၁၀ ရက်
(၂၀၁၉ ခုနှစ်၊ မေလ ၁၃ ရက်)

## ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှုထိန်းချုပ်ရေးဗဟိုအဖွဲ့ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်၏ကျန်းမာရေးမူဝါဒနှင့်အညီ လူတိုင်းသက်တမ်းရှေ အသက်ရှည်စွာနေနိုင်ရေးနှင့် ရောဂါဘယကင်းရှင်းရေးတို့အတွက် ဆေးလိပ်နှင့်ဆေးရွက်ကြီး ထွက်ပစ္စည်းသောက်သုံးမှုထိန်းချုပ်ရေးဥပဒေပါ ရည်ရွယ်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ယင်းဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ(က)နှင့် ပုဒ်မခွဲ(ခ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေး ဗဟိုအဖွဲ့ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဒုတိယဝန်ကြီး<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဒုတိယရှေ့နေချုပ်<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | အဖွဲ့ဝင် |
| (စ) | အမြဲတမ်းအတွင်းဝန်<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | အမြဲတမ်းအတွင်းဝန်<br>သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | အမြဲတမ်းအတွင်းဝန်<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | အမြဲတမ်းအတွင်းဝန်<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | အမြဲတမ်းအတွင်းဝန်<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (ဋ) | အမြဲတမ်းအတွင်းဝန်<br>ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ရဲချုပ်<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဎ) | ညွှန်ကြားရေးမှူးချုပ်<br>မြန်မာ့အသံနှင့်ရုပ်မြင်သံကြား<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဏ) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (တ) | ညွှန်ကြားရေးမှူးချုပ်<br>စိုက်ပျိုးရေးဦးစီးဌာန<br>စိုက်ပျိုးရေးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ထ) | ညွှန်ကြားရေးမှူးချုပ်<br>အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန<br>အလုပ်သမားလူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဒ) | ညွှန်ကြားရေးမှူးချုပ်<br>စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဓ) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်သူ့ကျန်းမာရေး/ကုသရေးဦးစီးဌာန<br>ကျန်းမာရေး နှင့်အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (န) | ညွှန်ကြားရေးမှူးချုပ်<br>အားကစားနှင့်ကာယပညာဦးစီးဌာန<br>ကျန်းမာရေး နှင့် အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ပ) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်တွင်းအခွန်များဦးစီးဌာန<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဖ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အကောက်ခွန်ဦးစီးဌာန
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

(ဗ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
လူမှုဝန်ထမ်းဦးစီးဌာန
လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ဘ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန
ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန

(မ) ညွှန်ကြားရေးမှူး(မကူးစက်) — အတွင်းရေးမှူး (၁)
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

(ယ) ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း — အတွင်းရေးမှူး (၂)
သောက်သုံးမှုထိန်းချုပ်ရေးလုပ်ငန်းတာဝန်ခံ/စီမံချက်မန်နေဂျာ
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

၂။ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဗဟိုအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှုထိန်းချုပ်ရေးဥပဒေ ပုဒ်မ ၅ တွင် ပြဋ္ဌာန်းထားသည့်အတိုင်းဖြစ်သည်။

၃။ အစိုးရအဖွဲ့၏ (၂၄-၁-၂၀၁၁)ရက်နေ့တွင် ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာအမှတ်၊ ၈/ ၂၀၁၁ ကို ဤအမိန့်ကြော်ငြာစာဖြင့် ပယ်ဖျက်လိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

စာအမှတ်၊ ၂၀၄ / ၁၆၅– အဖရ (ဆေးရွက်ကြီး)/(၂၀၁၉)
ရက်စွဲ ၊ ၂၀၁၉ ခုနှစ်၊ မေလ ၁၃ ရက်

***ပြည်သူ့ကျန်းမာရေးကြီးကြပ်(၂)များမှ ဆောင်ရွက်ရန်လုပ်ငန်းများ

- ဥပဒေပါပြဋ္ဌာန်းချက်များနှင့် ထုတ်ပြန်ပြီးသည့် အမိန့်ကြော်ငြာစာပါ အချက်အလက်များကို ကိုယ်တိုင် နားလည်သိရှိရန်နှင့် အများပြည်သူမှ ဥပဒေကို သိရှိလိုက်နာဆောင်ရွက်နိုင်ရန် အသိပညာပေးခြင်း

## “ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းအန္တရာယ်”

**သင်ကြားချိန် (၁ နာရီ ၃၀ မိနစ်)**

- ***ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းများ***

(က) အငွေ့ထွက်သောဆေးရွက်ကြီးထွက်ပစ္စည်းများ (Smoke Tobacco Products)
စီးကရက်၊ ဆေးပေါ့လိပ်၊ ဆေးပြင်းလိပ်၊ ပြောင်းဖူးဖက်၊ ပွတ်ချွန်း ……..






(ခ) အငွေ့မထွက်သော ဆေးရွက်ကြီးထွက်ပစ္စည်းများ (Smokeless Tobacco Products)
ဆေးရွက်ကြီးငုံခြင်း၊ ကွမ်းယာနှင့် ကွမ်းစားဆေးအမျိုးမျိုးတွဲဖက်စားသုံးခြင်း….






- ***ဆေးလိပ်အစားထိုးပစ္စည်းများ ( အီးစီးကရက်၊ ရှီရှား၊ Heated Tobacco Products)***






- ***နီကိုတင်း(Nicotine)***




- တစ်ချိန်က ပိုးသတ်ဆေးအဖြစ် အသုံးပြုခဲ့သည်။
- စွဲလမ်းစေတတ်သော သတ္တိရှိသည်။
- သွေးခုန်နှုန်းမြန်ခြင်း၊ သွေးတိုးခြင်း၊ နှလုံးရောဂါနှင့် လေဖြတ်ခြင်းကို ဖြစ်စေနိုင်သည်။
- ကွမ်းထဲတွင်ဆေးထည့်စားခြင်းသည် ဆေးလိပ်သောက်ခြင်းထက် ၄ ဆ ပို၍ အန္တရာယ်များကြောင်း တွေ့ရှိရသည်။

- ***ကတ္တရာ (Tar)***






အဆုတ်ပွခြင်း — အဆုတ်ကင်ဆာ

- ***ကာဗွန်မိုနော့ဆိုဒ်***

- ကာဗွန်မိုနော့ဆိုဒ်သည် သွေးတွင်း အောက်ဆီဂျင်ပါဝင်မှုကို လျော့နည်းစေသည်။
- ခန္ဓာကိုယ် အနှံ့အပြားတွင် အောက်ဆီဂျင် မပြည့်ဝမှုကိုဖြစ်ပေါ်စေသည်။
- သွေးပျစ်နှုန်းကို မြင့်မားလာစေသည်။
- ကတ္တရာတွင် ပါဝင်သော အခြားဓာတ်ပစ္စည်းများနှင့် ပေါင်း၍ သွေးတွင်း အဆီဓာတ် (Cholestrol) မြင့်မားလာစေသည်။
- နှလုံးသွေးကြောကျဉ်း ရောဂါဖြစ်ပွားမှုနှုန်းကို မြင့်မားစေသည်။




**CO has 200 times more affinity for Fe present in the red pigment called Hemoglobin than oxygen alone.**

➢ ***ဆေးလိပ်ငွေ့အန္တရာယ်***

ဆေးလိပ်ငွေ့တွင် လူ့ခန္ဓာကိုယ်အား အန္တရာယ်ပေးနိုင်သော ဓာတုပစ္စည်း အမျိုးအစားပေါင်း (၇၀၀၀) ကျော်ပါဝင်သည်။ ၎င်းတို့အနက် (၆၉) မျိုးမှာ ကင်ဆာရောဂါ ဖြစ်စေသော ဓာတုပစ္စည်းများ ဖြစ်ကြောင်း တွေ့ရှိရသည်။




➢ ***တဆင့်ခံဆေးလိပ်ငွေ့ (Second Hand Smoke)***

တဆင့်ခံဆေးလိပ်ငွေ့ကို ပင်မဆေးလိပ်ငွေ့(Main Stream Smoke) နှင့် ဘေးထွက်ဆေးလိပ်ငွေ့ (Side Stream Smoke) ဟူ၍ နှစ်မျိုး ခွဲခြားနိုင်သည်။ ဘေးထွက် ဆေးလိပ်ငွေ့တွင် ဓာတုပစ္စည်းများ ပိုမိုပါဝင်၍ အန္တရာယ်ပိုဖြစ်စေသည်။

**(၁၅ %)**



**ပင်မဆေးလိပ်ငွေ့ (Mainstream Smoke)**

**(၈၅ %)**



**ဘေးထွက်ဆေးလိပ်ငွေ့( Side Stream Smoke)**

➢ ***အများပြည်သူ ကျန်းမာရေးကိုထိခိုက်စေနိုင်သည့် ဆေးလိပ်ငွေ့ အမျိုးအစားများ***

- **Secondhand smoke** (တဆင့်ခံဆေးလိပ်ငွေ့) – မီးညှိထားသော စီးကရက်၊ ဆေးပေါ့လိပ်၊ ဆေးပြင်းလိပ်၊ ရေပြောင်း စသည်တို့မှ ထွက်ပေါ်လာသော မီးခိုးငွေ့နှင့် ဆေးလိပ်သောက်သူ ရှူရှိုက်ခြင်းမှ ထွက်ပေါ်လာသော မီးခိုးငွေ့များကို တဆင့်ထပ်မံရှူရှိုက်ရခြင်းကို ဆိုလိုသည်။
- **Third-hand Smoke** – လူ့ခန္ဓာကိုယ် အရေပြား၊ ဆံပင်၊ အဝတ်အထည်၊ နံရံ၊ ကော်ဇော၊ အသုံးအဆောင်၊ ပရိဘောဂ စသည်တို့ပေါ်တွင် တင်ကျန်နေသော မီးခိုးငွေ့တွင်ပါဝင်သည့် ဓါတ်ပစ္စည်း အကြွင်းအကျန်များနှင့် ထိတွေ့မိခြင်းကို ဆိုလိုပါသည်။

- **Fourth-hand smoke** – ဆေးလိပ်သောက်သူတစ်ဦး ရှိခဲ့တဲ့အခန်းတွင်း မီးခိုးငွေ့အကြွင်းအကျန်အားဟာ အခန်းတွင်းဝင်လာသူများအပေါ် ကြပ်ညိပါသွားပြီး၊ ထိုသူမှတစ်ဆင့် ထပ်မံထိတွေ့မိတဲ့သူများကို အန္တရာယ်ဖြစ်စေတာကို ဆိုလိုပါသည်။ (ဥပမာ- မီးခိုးငွေ့အကြွင်းအကျန်တင်ရှိနေသော ကြမ်းပြင်ပေါ်တွင်တွားသွားခဲ့သည့် ကလေးငယ်တစ်ဦးကို အခန်းအပြင်မှ လူတစ်ဦးကချီပွေ့ခြင်းဖြင့် မီးခိုးငွေ့အကြွင်းအကျန်များကို ထိတွေ့မိခြင်း)

➢ ***ဆေးလိပ်၊ ဆေးရွက်ကြီးသုံးစွဲမှုကြောင့် ဖြစ်ပွားနိုင်သော ရောဂါများ***

ကိုယ်တိုင်ဆေးလိပ်သောက်ခြင်း၊ သူတစ်ပါးရဲ့ ဆေးလိပ်ငွေ့ကို ရှူရှိုက်ရခြင်းနဲ့ ဆေးပါသောကွမ်းစားခြင်းတို့ကြောင့် ခံတွင်းကင်ဆာ၊ လည်ချောင်းကင်ဆာ၊ အဆုတ်ကင်ဆာနှင့် ကင်ဆာရောဂါအမျိုးမျိုး၊ နှလုံးသွေးကြောကျဉ်းခြင်း၊ သွေးကြောပိတ်ခြင်း၊ ရုတ်တရက် နှလုံးခုန်ရပ်ခြင်း၊ ပြင်းထန်သည့် သွေးတိုးရောဂါ၊ ဦးနှောက်သွေးကြောပိတ်၍ လေဖြတ်ခြင်း၊ အဆုတ်ပွန်ရောင်ခြင်း၊ နာတာရှည် အဆုတ်ရောဂါ စသည့်ရောဂါများအပြင် ခြေပုပ်လက်ပုပ်ရောဂါကြောင့် ခြေ၊လက်ဖြတ်ပစ်ရခြင်း၊ အမျိုးသားများတွင် ပန်းသေ/ပန်းညှိုးရောဂါ၊ အိမ်ထောင်ရေးသုခအပြည့်အဝ မခံစားနိုင်ခြင်း စသည်တို့ဖြစ်နိုင်ပါသည်။ (ဖော်ပြပါရောဂါများအပြင်)

| ကိုယ်ဝန်ဆောင်မိခင်များတွင် |
|---|



- အချင်းရွေ့ရောက်ခြင်း၊ အချင်းရုတ်တရက်ကွာခြင်း
- သွေးလွန်ခြင်း၊ ရေမွှာစောစောပေါက်ခြင်း
- သားအိမ်ပြင်ပတွင် သန္ဓေတည်ခြင်း
- သားပျက်သားလျှောခြင်း (ကိုယ်ဝန်ပျက်ခြင်း)
- ကလေးအသေ မွေးဖွားခြင်း
- လမစေ့ ပေါင်မပြည့်တဲ့ကလေး မွေးဖွားခြင်း
- မွေးရာပါ ကိုယ်အင်္ဂါချို့ယွင်းချက်ပါလာခြင်း
- မွေးကင်းစကလေး ရုတ်တရက်သေဆုံးခြင်းတို့ဖြစ်နိုင်ပါသည်။



| ဆေးလိပ်ငွေ့ကို ရှူရှိုက်ရတဲ့ လသားအရွယ်ကလေးငယ်ကလေးများ |
|---|

- အိပ်နေစဉ် ရုတ်တရက် သေဆုံးခြင်း
- နာတာရှည်အဆုတ်ရောဂါဖြစ်ခြင်း
- ကလေးငယ်များ ရင်ကြပ်ပန်းနာဖြစ်ခြင်း၊ နားပိုးဝင်ခြင်း၊ နားပြည်ယိုခြင်း
- အသက်ရှူလမ်းကြောင်းပိုးဝင်ခြင်းနှင့် ပြင်းထန်အဆုတ်ရောင်ရောဂါ (နမိုးနီးယား) ဖြစ်ခြင်း
- ဉာဏ်ရည်မမီသော ကလေးဖြစ်ခြင်း

လူငယ်လူရွယ်များ

- အရွယ်နဲ့မလိုက်အောင် အိုမင်းရင့်ရော်စေခြင်း
- အရွယ်ကျစေခြင်း
- အမောမခံနိုင်လို့ အားကစားစွမ်းရည် လျော့နည်းစေခြင်း

***ဆေးလိပ်သောက်ခြင်း၊ ဆေးရွက်ကြီးသုံးစွဲခြင်းတို့ကြောင့်***

- ခန္ဓာကိုယ်၏ ဇီဝကမ္မဖြစ်စဉ်ကို ပြောင်းလဲစေပါသည်
- အမှုန်များကို ထုတ်ပစ်သည့် အသက်ရှူလမ်းကြောင်းရှိ အမွေးကလေးများကို ပျက်စီးစေခြင်း
- ခန္ဓာကိုယ်ရဲ့ ခုခံအားစနစ်ကို ဆွပေးခြင်း
- ဆဲလ်ကလပ်စီးများကို ပျက်စီးစေခြင်း
- မျိုးရိုးဗီဇကို ပြောင်းလဲစေခြင်း၊ ကင်ဆာရောဂါအမျိုးမျိုးကို ဖြစ်စေခြင်း
- သွေးကြောများကို မာ၍ကျဉ်းစေပြီး ခန္ဓာကိုယ်အနှံ့ ရောဂါများဖြစ်ပွားစေခြင်း
- မီးခိုးတွင်ပါဝင်သောဓါတ်များဟာ ခံတွင်း – လေပြွန် – အဆုတ် – သွေးကနေတစ်ဆင့် ခန္ဓာကိုယ်အနှံ့ ဒီကမှ ဆီးအထိ ပြန့်နှံ့သွားခြင်း စသည့်ဖြစ်စဉ်များဖြစ်စေပါသည်။



- ❖ ဆေးလိပ်သောက်ခြင်း၊ ဆေးရွက်ကြီးထွက်ပစ္စည်း သုံးစွဲခြင်းတို့ကြောင့် ခန္ဓာကိုယ်အနှံ့ မရေအတွက်နိုင်သည့်ရောဂါများ ဖြစ်ပွားနိုင်သည့်အပြင် ဆေးလိပ်၊ ဆေးရွက်ကြီးထွက်ပစ္စည်းများကို ကာလကြာရှည်စွာသုံးစွဲခြင်းဖြင့် သုံးစွဲသူများ၏ ထက်ဝက်နီးပါးကို အရွယ်မတိုင်မီ အသက်ဆုံးရှုံးစေပါသည်။
- ❖ အန္တရာယ်ကင်းသော စိတ်ချရသော ဆေးလိပ်၊ဆေးရွက်ကြီး ဟူ၍ မရှိပါ။
- ❖ ဆေးလိပ်မသောက်သူများတွင် တဆင့်ခံ ဆေးလိပ်ငွေ့ရှူရှိုက်ရခြင်းကြောင့် အဆုတ်ကင်ဆာဖြစ်ပွားနိုင်ခြေ အဆ (၃၀) မှ (၄၀) အထိ မြင့်တက်လာနိုင်သည်။
- ❖ တဆင့်ခံဆေးလိပ်ငွေ့သည် နှလုံးရောဂါ ဖြစ်ပွားနိုင်ခြေကို (၂၅) ဆ မှ အဆ (၃၀) အထိ မြင့်မားလာစေသည်။

# ဆေးလိပ်၊ဆေးရွက်ကြီးသုံးစွဲသူ၏ ခန္ဓာကိုယ်

## DISEASES CAUSED BY ALL FORMS OF TOBACCO

- နှလုံးနှင့် သွေးကြောရောဂါများ၊ လေဖြတ်ခြင်း၊ သွေးကြောများကျဉ်းပြီးသွေးစီးဆင်းမှုထိခိုက်၍ ခြေပုပ်လက်ပုပ်ဖြစ်ခြင်း၊ ခြေထောက်ဖြတ်ရခြင်းကြောင့်မသန်စွမ်းဖြစ်ခြင်း
- ခံတွင်းကင်ဆာနှင့် ခံတွင်းရောဂါအမျိုးမျိုး
- လည်ချောင်းကင်ဆာ
- အူမကြီး၊ ကျောက်ကပ်၊ အသည်း၊ အစာအိမ်၊ သားဥအိမ်၊ ဆီးလမ်းကြောင်း၊ ရင်သား ကင်ဆာရောဂါများ
- ကလေးပျက်ကျခြင်း<br>ကလေးအသေမွေးခြင်း<br>သားအိမ်ပြင်ပသန္ဓေတည်ခြင်း
- သန္ဓေသားဖွံ့ဖြိုးမှု နှေးကွေးခြင်း၊ ပေါင်မပြည့်/လမစေ့ကလေးမွေးခြင်း၊ မွေးဖွားပြီးပါက နာတာရှည်ရောဂါများ ဖြစ်ပွားခြင်း



## DISEASES CAUSED BY TOBACCO SMOKE

- အဆုတ်ကင်ဆာ
- ပန်းနာရင်ကြပ် ရောဂါ
- နာတာရှည်အဆုတ်ရောဂါများ
- ပိုမိုဆိုးရွားသည့်တီဘီရောဂါ
- အခြားအဆုတ်ရောဂါအမျိုးမျိုးနှင့် အဆုတ်၏လုပ်ငန်းဆောင်တာကို ကျဆင်းစေခြင်း
- ဆီးချိုရောဂါကို ပိုဖြစ်စေခြင်း
- မှတ်ဉာဏ်ချို့ယွင်းသည့်ရောဂါများ
- သားသမီးမထွန်းကားခြင်း<br>ကလေးပျက်ကျခြင်း
- အိမ်ထောင်ရေးသုခမပြည့်ဝခြင်း
- အသက်(၁)နှစ်အောက်ကလေး ရုတ်တရက်သေဆုံးခြင်း
- ရာသီသွေးပေါ်ခြင်းနှင့် သွေးဆုံးခြင်း အပေါ်ထိခိုက်ခြင်း
- မွေးရာပါခန္ဓာကိုယ်ချို့ယွင်းသည့်ကလေး မွေးဖွားခြင်း
- တိမ်စွဲခြင်းအပါအဝင်မျက်စိရောဂါအမျိုးမျိုး နှင့်အမြင်ထိခိုက်ခြင်း
- အကြားအာရုံချို့ယွင်းခြင်း
- အစာအိမ်နှင့်အူလမ်းကြောင်းဆိုင်ရာရောဂါများ
- ခန္ဓာကိုယ်၏ ခုခံအားစနစ်ကို ချို့ယွင်းစေခြင်း
- အရိုးပျော့ခြင်း၊ကျိုးလွယ်ခြင်း၊အခြားရောဂါများ
- အရေပြားပျက်စီး၍ အိုမင်းရင့်ရော်ခြင်း

**ဆေးလိပ်ဆေးရွက်ကြီးထွက်ပစ္စည်းတိုင်းသည် အန္တရာယ်ဖြစ်စေပါသည်။**
**စိတ်ချစွာ၊ အန္တရာယ်ကင်းစွာ အသုံးပြုနိုင်သည့် ပမာဏမရှိပါ။**

Source: World Health Organization

(၂၀၂၀)ခုနှစ် ဖေဖော်ဝါရီလ

မကူးစက်နိုင်သော ရောဂါများ ကာကွယ်နှိမ်နင်းရေးဌာနခွဲ
ပြည်သူ့ကျန်းမာရေးဦးစီးဌာန

## ➢ *ဆေးလိပ်၊ ဆေးရွက်ကြီးနှင့် မကူးစက်နိုင်သောရောဂါများ အန္တရာယ်*




- ဆေးလိပ်ဆေးရွက်ကြီးသုံးစွဲမှုကြောင့် ကမ္ဘာပေါ်တွင် နှစ်စဉ် လူ (၈) သန်းကျော် အသက်ဆုံးရှုံးနေရပါသည်။
- ထိုအထဲမှ လူ(၁)သန်းသည် တစ်ပါးသူ သောက်သုံးသော ဆေးလိပ်ငွေ့ကို ရှူရှိုက်ရသောကြောင့် သေဆုံးနေရပါသည်။
- အများစုမှာ အမျိုးသမီးနှင့် ကလေးငယ်များ ဖြစ်ကြပါသည်။

Global Burden of Disease (2016) အရ မြန်မာနိုင်ငံတွင် ဆေးလိပ်၊ ဆေးရွက်ကြီး သုံးစွဲမှုကြောင့် နှစ်စဉ် လူဦးရေ (၆၄,၀၀၀) ခန့်သေဆုံးလျက်ရှိပြီး၊ တစ်ရက်လျှင် (၁၇၅)ဦးသေဆုံးနေပါသည်။ ဆေးလိပ်၊ ဆေးရွက်ကြီး သုံးစွဲမှုသည် မကူးစက်နိုင်သောရောဂါများကို ဖြစ်ပွားစေသည့် အဓိက အကြောင်းရင်း တစ်ရပ်ဖြစ်ပါသည်။ (၂၀၁၆)ခုနှစ် စစ်တမ်းများအရ ဆေးရုံတက်လူနာ (၄၂%) သည် မကူးစက်နိုင်သောရောဂါများကြောင့် ဆေးရုံတက်ရခြင်းဖြစ်ပြီး ဆေးရုံတက်လူနာ (၅၁%) သည် မကူးစက်နိုင်သော ရောဂါများကြောင့် သေဆုံးနေရခြင်း ဖြစ်ပါသည်။

## ➢ *ဆေးလိပ်၊ ဆေးရွက်ကြီးနှင့် စီးပွားရေးထိခိုက်ပျက်စီးမှုများ*

ဆေးလိပ်၊ ဆေးရွက်ကြီးကြောင့် မြန်မာနိုင်ငံတွင် စီးပွားရေးအရ နှစ်စဉ် မြန်မာကျပ်ငွေ ၂.၆ ထရီလီယမ်(၂,၆၀၀,၀၀၀,၀၀၀,၀၀၀) ဆုံးရှုံးခဲ့ရပြီး ထိုပမာဏသည် ၂၀၁၆ခုနှစ် GDP၏ ***၃.၃ ရာခိုင်နှုန်း*** ရှိကြောင်း ၂၀၁၈ ခုနှစ်တွင် ပြုလုပ်ခဲ့သည့် “Investment Case for Tobacco Control in Myanmar” လေ့လာမှုစစ်တမ်းအရ သိရှိရပါသည်။

ဆေးလိပ်၊ဆေးရွက်ကြီး သုံးစွဲမှုကြောင့် ရောဂါဖြစ်ပွားခြင်း၊ ဆေးကုသရခြင်း၊ အရွယ်မတိုင်မီ သေဆုံးခြင်း၊ မိသားစုဝင်ငွေနှင့် နိုင်ငံတော်ဝင်ငွေဆုံးရှုံးခြင်း၊ လုပ်အားဆုံးရှုံးခြင်းတို့ကို ခန့်မှန်း တွက်ချက်ထားပါသည်။

ဝင်ငွေနည်းပါးသော မိသားစုများသည် ဝင်ငွေများသော မိသားစုများထက် ဆေးလိပ်၊ ဆေးရွက်ကြီး ကို ပိုမိုသုံးစွဲကြပြီး၊ မိသားစု ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး ထိခိုက်ပျက်စီးမှုများ ပိုမိုများပြားကြောင်း အဆိုပါသုတေသနရလဒ်အရ သိရှိရပါသည်။







## ➢ *ဆေးလိပ်၊ ဆေးရွက်ကြီးနှင့် ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုများ*

ကမ္ဘာပေါ်တွင် နှစ်စဉ် သစ်တောပြုန်းတီးမှု၏ (၅%) သည် ဆေးရွက်ကြီးစိုက်ပျိုးထုတ်လုပ်မှုကြောင့် ဖြစ်ပါသည်။

၄.၅ ထရီလီယမ် (၄,၅၀၀,၀၀၀,၀၀၀,၀၀၀) ပမာဏရှိသော ဆေးလိပ်တိုများကို နှစ်စဉ်စွန့်ပစ်လျက်ရှိခြင်းကြောင့် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုများ ဖြစ်ပေါ်လျက်ရှိပြီး၊ ရေနေသတ္တဝါများ၏ အသက်ရှင်ရပ်တည်ရေးကို ခြိမ်းခြောက်လျက်ရှိပါသည်။

## ➢ *ဆေးလိပ်၊ ဆေးရွက်ကြီးထိန်းချုပ်ခြင်းနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်*

ဆေးလိပ်၊ဆေးရွက်ကြီးထွက်ပစ္စည်း သုံးစွဲခြင်းကြောင့် ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးခြင်းများဖြစ်ပေါ်ပြီး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ထိခိုက်ပျက်စီးစေကာ ဖွံ့ဖြိုးမှုအတွက် အဟန့်အတားဖြစ်လျက်ရှိပါသည်။ အထူးသဖြင့် ဆင်းရဲနွမ်းပါးသူများနှင့် လူငယ်လူရွယ်များ ထိခိုက်ဆုံးရှုံးလျက်ရှိပါသည်။

ဆေးလိပ်ဆေးရွက်ကြီးထိန်းချုပ်ခြင်း လုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခြင်းဖြင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်ပါ ရည်မှန်းချက်များပြည့်မီအောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် ဆေးလိပ်ဆေးရွက်ကြီးထိန်းချုပ်ခြင်း လုပ်ငန်းများကို SDG Accelerator အဖြစ် သတ်မှတ်ထားပါသည်။






- ***လူငယ်နှင့် ဆေးလိပ်၊ ဆေးရွက်ကြီးသုံးစွဲခြင်း***

***<u>လူငယ်လူရွယ်များအား ဆေးလိပ်ကုမ္ပဏီကြီးများမှ ပစ်မှတ်ထားခြင်း</u>***

Philip Morris International ကုမ္ပဏီ၏ အကြီးတန်းအမှုဆောင် အရာရှိကြီးတစ်ဦးက "လူငယ်များကို ပစ်မှတ်ထားကြော်ငြာရတာ ကုန်ကျစရိတ်များလှပေမဲ့ လူငယ်လေးများဟာ စမ်းသပ်ချင်တဲ့စိတ်ရှိပြီး အခြားလူငယ်ကလေးများကိုလည်း ဩဇာလွှမ်းမိုးနိုင်ဆုံးဖြစ်ကြတာက တစ်ကြောင်း၊ ကိုယ်စတင် သောက်မိတဲ့ စီးကရက်တံဆိပ်ကို သစ္စာစောင့်ထိန်းကာ စွဲစွဲမြဲမြဲသုံးတတ်ကြတဲ့အတွက် ပိုမိုထိရောက်ကြောင်း" ပြောကြားခဲ့ပါသည်။

ဆေးရွက်ကြီးသုံးစွဲမှုကြောင့် တစ်နေ့လျှင် လူ (၁၁,၀၀၀)ခန့် သေဆုံးလျက်ရှိကြောင်း ခန့်မှန်းထားပါသည်။ ထိုသို့ သေဆုံးသူများ၏ အရေအတွက် (၁၁,၀၀၀)ကို ပြန်လည် ဖြည့်တင်းပေးနိုင်ရန် ဆေးလိပ်သောက်သူ လူသစ်များ လိုအပ်လာပါသည်။ စီးကရက်စက်ရုံများ၊ လုပ်ငန်းများ ပုံမှန်လည်ပတ်၍ ကြီးမားသော အမြတ်အစွန်းရရှိရန်နှင့် ခေါင်းပုံဖြတ်နိုင်ရန် အတွက် လူသစ်များဖြစ်သော လူငယ်အသဲကျော်များကို အသုံးပြုကာ ကြော်ငြာခြင်းသည် ပစ်မှတ်သစ်များကို အသေအချာ ထိမှန်ကြောင်း ဆေးလိပ်ကုမ္ပဏီအမှုဆောင် အရာရှိဟောင်းတစ်ဦးက ဆိုပါသည်။ စင်စစ် ဆေးလိပ်စသောက်သော အသက်ငယ်လေလေ နီကိုတင်းနှင့် ဆေးရွက်ကြီး သောက်သုံးမှု အန္တရာယ်ကို ပို၍ ခံစားရလေလေ ဖြစ်ပါသည်။

ဖွံ့ဖြိုးပြီး နိုင်ငံများက ဆေးလိပ်၊ ဆေးရွက်ကြီး ထွက်ပစ္စည်းများ ကြော်ငြာခြင်းကို တားမြစ်ခြင်း၊ ဆေးလိပ်လုပ်ငန်းကြီးများမှ အကုန်အကျခံ တာဝန်ယူထောက်ပံ့ဆောင်ရွက်သော ပြပွဲ၊ ပြိုင်ပွဲများကို ခွင့်မပြုခြင်း၊ စီးကရက်ဈေးတင်ခြင်း၊ ပြည်သူများအား ဆေးလိပ်၊ ဆေးရွက်ကြီး၏ နောက်ဆက်တွဲဆိုးကျိုးများကို လေးလေးနက်နက် ကျယ်ကျယ်ပြန့်ပြန့် ပညာပေး ဟောပြောခြင်းတို့ကြောင့် စီးကရက်လုပ်ငန်းရှင်များသည် ဖွံ့ဖြိုးဆဲနိုင်ငံများသို့ ဈေးကွက်ချဲ့ထွင်လာကြပါသည်။

ထို့ကြောင့် (၁၄-၂၄) နှစ်အရွယ် လူငယ်များကို ပိုမိုပစ်မှတ်ထားလာသောကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံရှိ (၁၈)နှစ် မကျော်မီ လူငယ်လေးများပို၍ ဖျက်ဆီးခြင်းခံလာကြရပါသည်။

မြန်မာနိုင်ငံတွင် ၂၀၁၆ ခုနှစ် Global Youth Tobacco Survey အရ (၁၃)နှစ်မှ (၁၅)နှစ် အတွင်း ကျောင်းသားလူငယ် (၂၁%) နှင့် ကျောင်းသူ (၂%) သည် ဆေးလိပ်သောက်သုံးနေကြောင်း လေ့လာတွေ့ရှိရသည်။ ကွမ်းစားမှုမှာ ကျောင်းသားများအတွင်း (၁၁%) ရှိပြီး၊ ကျောင်းသူများတွင် (၂%) ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

***လူငယ်များ ဆေးလိပ်သောက်သုံးခြင်းမှ ကာကွယ်ရန် နည်းလမ်းများ***

ဆေးလိပ်သောက်ခြင်းသည် လူငယ်များကို လူငယ်အချင်းချင်း ဖျက်ဆီးနိုင်သောကြောင့် အခြား လူငယ်များ၏ လုပသောအနာဂတ်တွင် ကင်ဆာရောဂါနှင့် မူးယစ်ဆေးဝါးများ၏ သားကောင် ဖြစ်လာ နိုင်ပါသည်။

လူငယ်လူရွယ်များကို ဆေးလိပ်သောက်သုံးခြင်းမှ ကာကွယ်တားဆီးပေးနိုင်ရန် အကြောင်း တရား အရင်းအမြစ်များဖြစ်သည့်

- ဆေးလိပ်ကုမ္ပဏီကြီးများမှ ပံ့ပိုးမှုကို ပိတ်ပင်ခြင်း၊
- အမြတ်ခွန်များစည်းကြပ်ခြင်း၊
- ဆေးလိပ်တန်ဘိုးကို တိုးမြှင့်သတ်မှတ်ခြင်း၊
- (၁၈)နှစ်အောက် ကလေးငယ်များကို ဆေးလိပ်ရောင်းချပေးခြင်းမှာ တားမြစ်ခြင်း၊
- နိုင်ငံခြားမှ တင်သွင်းမှု လျှော့ချခြင်း၊
- ဆေးလိပ်ကြော်ငြာများကို တားဆီးခြင်း၊
- ဆေးလိပ်ဆိုးကျိုးများကို အများပြည်သူနှင့် အထူးသဖြင့် လူငယ်လူရွယ်လေးများ နားလည် သဘောပေါက် သိရှိစေရန်၊ စဉ်ဆက်မပြတ် ရှုဒေါင့်အမျိုးမျိုးမှ ပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊
- ကျောင်းသားအရွယ် လူငယ်များ လမ်းမှားသို့ မရောက်မိစေရန်နှင့် လမ်းမှန် ရွေးချယ်မိစေရန် လမ်းညွှန်မှုနှင့် နှစ်သိမ့်အကြံပေး ဆွေးနွေးမှုများ ပြုလုပ်ခြင်း စသည်တို့ဖြင့်သာ တားဆီးရမည် ဖြစ်ပါသည်။

➢ ***ဆေးလိပ်စွဲလမ်းခြင်းနှင့် ဆေးလိပ်ဖြတ်ခြင်း***

- ဆေးလိပ်ပုံမှန်သောက်သုံးခြင်းကို ဆယ်ကျော်သက်အရွယ်တွင် စတင်လေ့ရှိပြီး ဘဝ တလျှောက် တွင် ဆေးလိပ်ဖြတ်ရန် အကြိမ်ကြိမ် ကြိုးစားလေ့ရှိပါသည်။
- နှစ်စဉ်နှစ်တိုင်း အရွယ်ရောက်ပြီး ဆေးလိပ်သောက်သုံးသူ သုံးပုံတစ်ပုံသည် အကူအညီ မယူဘဲ ဆေးလိပ်ဖြတ်ရန်ကြိုးစားလေ့ရှိပြီး ရက်ပိုင်းအတွင်းဆေးလိပ်ပြန်သောက်ကြောင်း တွေ့ရှိရ သည်။
- ဆေးလိပ်ဖြတ်ရန်ကြိုးစားသူ၏ (၃%) သာ (၁၂) လ ကျော်သော ရေရှည် ဆေးလိပ်ဖြတ်ခြင်းကို ရရှိနိုင်ကြောင်းတွေ့ရှိရသည်။
- ဆေးလိပ်သောက်ခြင်းသည် ဖြတ်တောက်ရန် ခက်ခဲသော နာတာရှည်စွဲလမ်းစေသည့် ရောဂါ တစ်မျိုး ဖြစ်သည်။

- ပျှမ်းမျှအားဖြင့် ဆေးလိပ်သောက်သူများသည် ဆေးလိပ်မသောက်သူများနှင့် နှိုင်းယှဉ်လျှင် (၁၀) နှစ်ခန့် သက်တမ်းပိုတိုကြောင်းတွေ့ရှိရပါသည်။

### *အပြည်ပြည်ဆိုင်ရာကွန်ဗန်းရှင်းနှင့် MPOWER Measures*

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းထိန်းချုပ်ခြင်း အပြည်ပြည်ဆိုင်ရာ ကွန်ဗန်းရှင်းသည် ပြည်သူ့ကျန်းမာရေးကို အလေးပြုထားသော သဘောတူညီချက်ဖြစ်ပါသည်။ အဓိက ရည်ရွယ်ချက်မှာ ကမ္ဘာ့ဆေးလိပ်၊ဆေးရွက်ကြီးသုံးစွဲမှုကို လျှော့ချရန်ဖြစ်ပါသည်။ အဆိုပါသဘောတူညီ ချက်ကို ၂၀၀၅ခုနှစ်တွင်စတင်ပြဌာန်းခဲ့ပြီး ယနေ့အထိ အဖွဲ့ဝင်နိုင်ငံပေါင်း (၁၈၁)နိုင်ငံဖြင့် ဖွဲ့စည်းထား ပါသည်။

ကွန်ဗန်းရှင်းပါ ပုဒ်မ ၃၈ ခု အနက် လက်တွေ့ကျပြီး ထိရောက်အကျိုးရှိစွာဆောင်ရွက်နိုင်မည့် လုပ်ငန်းစဉ် (၆)ခုကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ***MPOWER Measures*** အဖြစ် သတ်မှတ်ထားပေး ပါသည်။ အဆိုပါလုပ်ငန်းစဉ်(၆)ခုမှာ –

- **Monitor** tobacco use and prevention policies
  - နိုင်ငံများ၏ ဆေးလိပ်၊ဆေးရွက်ကြီး သောက်သုံးမှုအခြေအနေကို ဆန်းစစ်ခြင်းနှင့် ဆေးလိပ်၊ ဆေးရွက်ကြီး ထိန်းချုပ်ရေးလုပ်ငန်းများနှင့် မူဝါဒများ၏ ထိရောက်မှုကို စောင့်ကြည့်ဆန်းစစ်ခြင်း
- **Protect** people from tobacco smoke
  - ပြည်သူလူထုကို ဆေးလိပ်ငွေ့အန္တရာယ်မှ ကာကွယ်ပေးခြင်း
- **Offer** help to quit tobacco use
  - ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သုံးစွဲနေသူများအား ဖြတ်နိုင်အောင် ကူညီပေး ခြင်း
- **Warn** about the dangers of tobacco
  - ပြည်သူလူထုကို ဆေးလိပ်၊ ဆေးရွက်ကြီး အန္တရာယ်နှင့် ပတ်သက်၍ သတိပေးခြင်း
- **Enforce** bans on tobacco advertising, promotion and sponsorship
  - ဆေးလိပ်ကြော်ငြာခြင်း၊ ရောင်းအားမြှင့်တင်ခြင်းနှင့် စပွန်ဆာပေးခြင်းကို တားမြစ်ခြင်း
- **Raise** taxes on tobacco
  - ဆေးလိပ်၊ ဆေးရွက်ကြီးထွက်ပစ္စည်းများပေါ်တွင် ကောက်ခံသည့် အခွန်၊ အခများ တိုးမြှင့်ကောက်ခံခြင်း




***ပြည်သူ့ကျန်းမာရေးကြီးကြပ်(၂)များမှ ဆောင်ရွက်ရန်လုပ်ငန်းများ

- ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက် ပစ္စည်းကို ကိုယ်တိုင် နားလည်သိရှိရန်နှင့် အများပြည်သူမှ သိရှိ၍ ရှောင်ရှားနိုင်ရန် အသိပညာပေးခြင်း

## “Monitor tobacco use and prevention policies”

## “နိုင်ငံများ၏ ဆေးလိပ်၊ဆေးရွက်ကြီး သောက်သုံးမှုအခြေအနေကို ဆန်းစစ်ခြင်းနှင့် ဆေးလိပ်၊ ဆေးရွက်ကြီး ထိန်းချုပ်ရေးလုပ်ငန်းများနှင့် မူဝါဒများ၏ ထိရောက်မှုကို စောင့်ကြည့်ဆန်းစစ်ခြင်း”

**သင်ကြားချိန် (၃၀ မိနစ်)**

မြန်မာနိုင်ငံသည် ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံဖြစ်သည် အားလျော်စွာ ကမ္ဘာ့နိုင်ငံများနည်းတူ ဆေးလိပ်၊ ဆေးရွက်ကြီး သုံးစွဲမှု အခြေအနေဆန်းစစ်ခြင်းကို (၂၀၀၁)ခုနှစ်မှ စတင်၍ ပါဝင်ဆောင်ရွက်ခဲ့ပါသည်။

- Global Youth Tobacco Survey (2001, 2004, 2007, 2011, 2016)
- Global School Personnel Survey (2004, 2007, 2011)
- Global Health Professions Students Survey (2006, 2009)
- Sentinel Prevalence Survey (2001, 2004, 2007, 2009, 2011, 2013, 2015)
- NCD STEPS survey (2004, 2009, 2014)

### မြန်မာနိုင်ငံ၏ ဆေးလိပ်၊ ဆေးရွက်ကြီး သုံးစွဲမှု အခြေအနေဆန်းစစ်ခြင်း

**STEP SURVEY MYANMAR, 2014 (25–64 yrs)**




**GLOBAL YOUTH TOBACCO SURVEY (GYTS, 2016) (13–15 yrs)**









***ပြည်သူ့ကျန်းမာရေးကြီးကြပ်(၂)များမှ ပါဝင်ဆောင်ရွက်ရန်လုပ်ငန်းများ

- ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အခါအားလျော်စွာဆောင်ရွက်သည့် သုတေသနလုပ်ငန်းများတွင်ပါဝင်ဆောင်ရွက်ခြင်း
- မိမိတို့ဒေသအလိုက် ဆေးလိပ်၊ ဆေးရွက်ကြီးနှင့် ဆက်စပ်ပစ္စည်းအသစ်များ သုံးစွဲမှုအခြေအနေကို ဆန်းစစ်ခြင်း

## “Protect people from tobacco smoke”

## “ပြည်သူလူထုကို ဆေးလိပ်ငွေ့အန္တရာယ်မှ ကာကွယ်ပေးခြင်း”

**သင်ကြားချိန် (၁နာရီ ၃၀ မိနစ်)**

ပြည်သူလူထုအား ဆေးလိပ်ငွေ့ အန္တရာယ်မှ အကာအကွယ်ပေးခြင်း (Protect People from Tobacco Smoke) သည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးအတွက် ချမှတ်ထားသော MPOWER လုပ်ငန်းစဉ် (၆)ခုတွင် တစ်ခုအပါအဝင် ဖြစ်ပါသည်။ အဖွဲ့ဝင်နိုင်ငံများအားလုံးသည် မိမိတို့၏ပြည်သူများကို ဆေးလိပ်ငွေ့အန္တရာယ်မှ အကာအကွယ်ပေးရေးအစီအစဉ်များကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။ အထူးသဖြင့် ဆေးလိပ်ငွေ့ ကင်းစင်နယ်မြေများထူထောင်ခြင်း၊ ဆေးလိပ်သောက်ရန်သီးသန့်နေရာများ သတ်မှတ်ပေးခြင်းတို့သည် ပြည်သူလူထုအား ဆေးလိပ်ငွေ့အန္တရာယ်မှအကာအကွယ်ပေးခြင်းအတွက် အဓိကကျသော လုပ်ငန်းများဖြစ်ပါသည်။ ချမှတ်ထားသော စည်းကမ်းအတိုင်း ပြည်သူလူထုမှ လိုက်နာရန်လိုအပ်သလို၊ ဥပဒေအရ စောင့်ကြည့်အရေးယူခြင်း အပိုင်းကိုလည်း ထိထိမိမိဆောင်ရွက်နိုင်မှသာ လုပ်ငန်းအောင်မြင်မည်ဖြစ်ပါသည်။

ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေး အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း၏ ရည်ရွယ်ချက်တွင်လည်း လက်ရှိနှင့် အနာဂါတ်မျိုးဆက်များကို ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုကျဆင်းစေရန်နှင့် ဆေးလိပ်ငွေ့အန္တရာယ်မှ အကာအကွယ်ပေးရန် အတိအလင်း ဖော်ပြထားပါသည်။

---

### Objective of the WHO FCTC

‘to protect present and future generations from the devastating health, social, environmental and economic consequences of tobacco consumption and exposure to tobacco smoke by providing a framework for tobacco control measures to be implemented by the Parties at the national, regional and international levels in order to reduce continually and substantially the prevalence of tobacco use and exposure to tobacco smoke’ (Art. 3)

မြန်မာနိုင်ငံအနေဖြင့် ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေး လုပ်ငန်းများကို (၂၀၀၀)ပြည့်နှစ်တွင် စတင်ဆောင်ရွက်ခဲ့ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေး အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းကို (၂၀၀၃) ခုနှစ်၊ အောက်တိုဘာလ (၂၃)ရက်နေ့ တွင် လက်မှတ်ရေးထိုးပြီး (၂၀၀၄) ခုနှစ်၊ ဧပြီလ (၂၀) ရက်နေ့တွင် (၁၁)နိုင်ငံမြောက် အဖွဲ့ဝင်နိုင်ငံဖြစ်လာခဲ့ပါသည်။ ကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များအရ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှုထိန်းချုပ်ရေး ဥပဒေ ကို (၂၀၀၆) ခုနှစ်၊ မေလ (၄) ရက်နေ့တွင်

ရေးဆွဲပြဋ္ဌာန်းခဲ့ပြီး အများပြည်သူကို ဆေးလိပ်ငွေ့အန္တရာယ်မှ ကာကွယ်ရန် ရည်ရွယ်ချက်တစ်ခု အနေဖြင့် ထည့်သွင်းဆောင်ရွက်ခဲ့ပါသည်။







**ဥပဒေ အခန်း(၂) ရည်ရွယ်ချက်များတွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားပါသည်။**

ဤဥပဒေ၏ ရည်ရွယ်ချက်များမှာအောက်ပါအတိုင်းဖြစ်သည်။

(က) ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှုကြောင့် ကျန်းမာရေးကို ထိခိုက်စေနိုင်ကြောင်းအများပြည်သူတို့ နားလည်သဘောပေါက်ပြီး ဆေးလိပ်နှင့် ဆေးရွက်ကြီး ထွက်ပစ္စည်းသောက်သုံးခြင်းမှ ရှောင်ကြဉ်စေရန်၊

(ခ) ဆေးလိပ်ငွေ့ကင်းစင်သည့် ပတ်ဝန်းကျင်ကိုဖန်တီးခြင်းဖြင့် အများပြည်သူတို့၏ ကျန်းမာရေးကိုထိခိုက်စေသည့် အန္တရာယ်မှကာကွယ်ရန်။

***မှတ်ချက်။*** *ယခုသင်ခန်းစာအတွက် အောက်ပါခေါင်းစဉ်များနှင့် ပတ်သက်၍ ဤစာအုပ်၏ ရှေ့ပိုင်းတွင်ဖော်ပြထား သည့်အချက်များကို ပြန်လည်ကိုးကားရန် ဖြစ်ပါသည်။*

- *ဆေးလိပ်ငွေ့အန္တရာယ်*
- *အများပြည်သူ ကျန်းမာရေးကိုထိခိုက်စေနိုင်သည့် ဆေးလိပ်ငွေ့ အမျိုးအစားများ*
- *တဆင့်ခံဆေးလိပ်ငွေ့ (Second Hand Smoke)*
- *ဆေးလိပ်၊ ဆေးရွက်ကြီးသုံးစွဲမှုကြောင့် ဖြစ်ပွားနိုင်သော ရောဂါများ*
- *ဆေးလိပ်၊ ဆေးရွက်ကြီးနှင့် မကူးစက်နိုင်သောရောဂါများ အန္တရာယ်*

## မြန်မာနိုင်ငံ၏ ဆေးလိပ်၊ ဆေးရွက်ကြီး သုံးစွဲမှု အခြေအနေဆန်းစစ်ခြင်း

### STEP SURVEY MYANMAR, 2014 (25–64 yrs)




### GLOBAL YOUTH TOBACCO SURVEY (GYTS, 2016) (13–15 yrs)




ဥပဒေ အခန်း(၄) ဆေးလိပ်သောက်ခွင့်မရှိသောနေရာများကို အောက်ပါအတိုင်း သတ်မှတ်ပြဋ္ဌာန်းထား ပါသည်။

- *ပုဒ်မ ၆ သည် ဆေးလိပ်လုံးဝသောက်ခွင့်မရှိသော နေရာများကို သတ်မှတ်ထားခြင်းဖြစ်ပါသည်။*

(က) ဆေးရုံပရိဝုဏ်အတွင်းရှိ ဝန်ထမ်းအိမ်ရာနှင့် အိမ်ခန်းများမှအပ ဆေးရုံအဆောက်အအုံ၊ ရုံးခန်း၊ ပရိဝုဏ်နှင့် ပရိဝုဏ်အတွင်းရှိ အခြားအဆောက်အအုံများ

(ခ) ဆေးကုဂေဟာနှင့် ဆေးခန်းများ

(ဂ) အားကစားရုံနှင့် အမိုးအကာရှိသည့် အားကစားကွင်းများ

(ဃ) ကလေးကစားရုံနှင့် ကစားကွင်းများ

(င) ကျောင်းပရိဝုဏ်အတွင်းရှိ ဝန်ထမ်းအိမ်ရာနှင့် အိမ်ခန်းများမှ အပ သင်ကြားရေး အဆောက်အအုံ၊ စာသင်ခန်း၊ ရုံးခန်းပရိဝုဏ်နှင့် ပရိဝုဏ်အတွင်းရှိ အခြားအဆောက်အအုံ များ

(စ) တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်နှင့် သိပ္ပံတို့၏ သင်ကြားရေး အဆောက်အအုံ၊ စာသင်ခန်းနှင့် ရုံးခန်းများ

(ဆ) ဇာတ်ရုံ၊ ရုပ်ရှင်ရုံ၊ ဗီဒီယိုရုံနှင့် အခြားပွဲကျင်းပပြသသည့် အဆောက်အအုံများ

(ဇ) ကုန်တိုက်၊ ကုန်ပဒေသာဆိုင်၊ စတိုးဆိုင်နှင့် အမိုးအကာရှိသည့် ဈေးရုံများ

(ဈ) ပြတိုက်၊ မော်ကွန်းတိုက်၊ အများပြည်သူသုံး စာကြည့်တိုက်နှင့် စာဖတ်ခန်းများ

(ည) ပြတိုက်၊ မော်ကွန်းတိုက်၊ အများပြည်သူသုံး စာကြည့်တိုက်နှင့် စာဖတ်ခန်းများ

(ဋ) ခရီးသည် သယ်ယူပို့ဆောင်သော မော်တော်ယာဉ်နှင့် လေယာဉ်များ

(ဌ) လေအေးစက်တပ်ဆင်ထားသော အများပြည်သူသုံးအခန်းများ

(ဍ) အများပြည်သူသုံးခန်းမကြီးများ

(ဎ) ဘာသာရပ်သင်ကိုယ်ပိုင် သင်တန်းနှင့် သင်တန်းကျောင်းများ၏ သင်ကြားရေး အဆောက် အအုံနှင့် စာသင်ခန်းများ

(ဏ) ကျန်းမာရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်သည့် အများပြည်သူ ဆိုင်ရာ အခြားပရိဝုဏ်၊ အဆောက်အအုံနှင့် နေရာများ

- ***ပုဒ်မ ၇ တွင် ဆေးလိပ်သောက်ခွင့်ရှိသော သီးသန့်နေရာများကိုစီမံထားပြီး၊ လူအများ ဝင်ထွက်သွားလာနိုင်သောနေရာများကို ဆေးလိပ်သောက်ခွင့်မရှိသော နေရာများအဖြစ် ပြဋ္ဌာန်းသတ်မှတ်ထားပါသည်။***

(က) ရုံး၊ ဌာနတို့၏ အဆောက်အအုံများ

(ခ) စက်ရုံ၊ အလုပ်ရုံတို့၏ အဆောက်အအုံများ

(ဂ) ဟိုတယ်၊ မိုတယ်၊ ဧည့်ဂေဟာနှင့် တည်းခိုရိပ်သာတို့၏ အဆောက်အအုံများ

(ဃ) ဘူတာရုံ၊ လေဆိပ်၊ သင်္ဘောဆိပ်နှင့် အဝေးပြေးကားဂိတ်တို့၏ အဆောက်အအုံများ

(င) ပျော်ပွဲစားရုံများ

(စ) ခရီးသည်သယ်ယူပို့ဆောင်သော ရထားနှင့် ရေယာဉ်များ

(ဆ) ကျန်းမာရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်သည့် အများပြည်သူဆိုင်ရာ အခြားအဆောက်အအုံ၊ အခန်းနှင့် နေရာများ

**** မှတ်ချက်။ ကျန်းမာရေးဝန်ကြီးဌာနက (၂၀၁၄)ခုနှစ်တွင် ထုတ်ပြန်ခဲ့သည့် ဆေးလိပ်သောက်ခွင့်ရှိသော သီးသန့်နေရာ၌ စီမံထားရှိရမည့် လိုအပ်ချက်များ သတ်မှတ်သည့် အမိန့်ကြော်ငြာစာအရ အဆောက်အအုံအတွင်း ဆေးလိပ်သောက်ရန် သီးသန့်အခန်းများ စီမံခွင့်မရှိတော့ပါ။**

ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေး ဥပဒေပါလုပ်ပိုင်ခွင့်ကို အသုံးပြု၍ ဥပဒေရည်ရွယ်ချက်ဖြစ်သည့် ဆေးလိပ်ငွေ့ကင်းစင်သော ပတ်ဝန်းကျင် ပေါ်ပေါက်လာရေး နှင့် အများပြည်သူတို့၏ ကျန်းမာရေးကို ထိခိုက်စေသည့်အန္တရာယ်မှ ကာကွယ်ရန် “ဆေးလိပ်သောက်ခွင့်မရှိသောနေရာကို ဖော်ညွှန်းသည့် စာတန်းအမှတ်အသားများကို သတ်မှတ်သည့်အမိန့်” နှင့် “ဆေးလိပ်သောက်ခွင့်ရှိသော သီးသန့်နေရာ၌ စီမံထားရှိရမည့် လိုအပ်ချက်များ သတ်မှတ် သည့်အမိန့်” များကို ထုတ်ပြန်ကြေငြာခဲ့သည်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**ကျန်းမာရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာ**

**အမှတ်၊ ၅ / ၂၀၁၄**

၁၃၇၅ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်

(၂၀၁၄ ခုနှစ်၊ မတ်လ ၃ ရက်)

ကျန်းမာရေးဝန်ကြီးဌာနသည် ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေး ဥပဒေ ပုဒ်မ ၈၊ ပုဒ်မခွဲ (ဃ) နှင့် ပုဒ်မ ၁၉၊ ပုဒ်မခွဲ (ခ) တို့အရ အပ်နှင်းသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အောက်ပါအမိန့်ကို ထုတ်ပြန်လိုက်သည်။

**ဆေးလိပ်သောက်ခွင့်မရှိသော နေရာကိုဖော်ညွှန်းသည့် စာတန်းနှင့်အမှတ်အသားများကို သတ်မှတ်သည့် အမိန့်**

၁။ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဥပဒေ ပုဒ်မ ၆ နှင့် ၇ ပါ ဆေးလိပ်သောက်ခွင့်မရှိသော နေရာ၏တာဝန်ခံပုဂ္ဂိုလ်သည် မိမိနှင့်သက်ဆိုင်သော နေရာရှိလူအများ မြင်သာသည့်နေရာ၌ ဆေးလိပ်သောက်ခွင့်မရှိသောနေရာကို ဖော်ညွှန်းသည့် အောက်ပါစာတမ်း အမှတ်အသားနှင့် ဆိုင်းဘုတ်ကို ချိတ်ဆွဲထားရမည် -

" ဆေးလိပ်သောက်ခွင့်မရှိသောနေရာ "

ဖောက်ဖျက်ပါက ဥပဒေအရ အပြစ်ပေးခြင်း ခံရမည်။

" NO-SMOKING AREA "

Penalties Apply



D/(2013)General/Order

၂။ အထက်အပိုဒ် ၁ တွင် ဖော်ညွှန်းသည့် စာတမ်းအမှတ်အသားနှင့် ဆိုင်းဘုတ်သည် -

(က) အလျား ၁၈ လက်မ၊ အနံ ၁၂ လက်မအောက် မငယ်သောအရွယ်အစား ဖြစ်ရမည်။

(ခ) အောက်ခံအဖြူရောင်ပေါ်တွင် **"ဆေးလိပ်သောက်ခွင့်မရှိသောနေရာ"** ဆိုသည့် စာသားကို အနက်ရောင်ဖြင့် ထင်ရှားစွာရေးသားရမည်။

(ဂ) မီးညှိထားသည့် စီးကရက်ဆေးလိပ်ပုံ ပါရှိသောစက်ဝိုင်းနှင့် ကန့်လန့်ဖြတ်မျဉ်းကို အနီရောင်ဖြင့် ချယ်၍ ရေးသားရမည်။

၃။ တာဝန်ခံပုဂ္ဂိုလ်သည် အမိန့် အပိုဒ် ၁ နှင့် ၂ တို့ပါ တာဝန်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ပါက ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဥပဒေ ပုဒ်မ ၁၆ အရ အရေးယူခြင်းခံရမည်။

၄။ မည်သူမဆို ဆေးလိပ်သောက်ခွင့်မရှိသော နေရာတစ်ခုခုတွင် ဆေးလိပ်သောက်ခြင်း သို့မဟုတ် မီးညှိထားသည့် ဆေးလိပ် ကိုင်ဆောင်ထားခြင်းပြုပါက ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေးဥပဒေ ပုဒ်မ ၁၇ အရ အရေးယူခြင်းခံရမည်။

(ဒေါက်တာဖေသက်ခင်)
ပြည်ထောင်စုဝန်ကြီး

စာအမှတ်၊ ၄မခ(ယ) ၂၀၁၄ /၃၁၄၁
ရက်စွဲ၊ ၂၀၁၄ ခုနှစ်၊ မတ်လ(၃)ရက်

**ဖြန့်ဝေခြင်း**

၁။ နိုင်ငံတော်သမ္မတရုံး
၂။ နိုင်ငံတော်သမ္မတဦးစီးရုံး
၃။ ဒုတိယသမ္မတ(၁)ဦးစီးရုံး
၄။ ဒုတိယသမ္မတ(၂)ဦးစီးရုံး
၅။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
၆။ ပြည်ထောင်စုလွှတ်တော်ရုံး
၇။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး

D/(2013)General/Order

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**ကျန်းမာရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာ**

**အမှတ်၊** ၆ / ၂၀၁၄

၁၃၇၅ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်

(၂၀၁၄ ခုနှစ်၊ မတ်လ ၃ ရက်)

ကျန်းမာရေးဝန်ကြီးဌာနသည် ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေး ဥပဒေ ပုဒ်မ ၈၊ ပုဒ်မခွဲ (ဂ)နှင့် (ဃ)၊ ပုဒ်မ ၁၉၊ ပုဒ်မခွဲ (ခ) တို့အရ အပ်နှင်းသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အောက်ပါအမိန့်ကို ထုတ်ပြန်လိုက်သည်။

**ဆေးလိပ်သောက်ခွင့်ရှိသော သီးသန့်နေရာ၌ စိမ်ထားရှိရမည့်**

**လိုအပ်ချက်များ သတ်မှတ်သည့် အမိန့်**

၁။ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဥပဒေ ပုဒ်မ ၇ ပါ ဆေးလိပ်သောက်ခွင့်မရှိသော နေရာ၏တာဝန်ခံပုဂ္ဂိုလ်သည် မိမိနှင့်သက်ဆိုင်သော နေရာရှိလူအများ မြင်သာသည့်နေရာ၌ ဆေးလိပ်သောက်ခွင့်ရှိသော သီးသန့်နေရာကို ဖော်ညွှန်းသည့် အောက်ပါ စာတမ်းအမှတ်အသားနှင့် ဆိုင်းဘုတ်ကို ချိတ်ဆွဲထားရမည် -

**" ဆေးလိပ်သောက်ခွင့်ရှိသောနေရာ "**

" DESIGNATED SMOKING AREA "

**ဤနေရာမှ ကျော်လွန်၍ ဆေးလိပ်မသောက်ရ။**

**ဆေးလိပ်သောက်ပါက ဥပဒေအရ အပြစ်ပေးခြင်း ခံရမည်။**

" NO-SMOKING BEYOND THIS POINT "

Penalties Apply

D/(2013)General/Order

## "ဆေးလိပ်သောက်ခြင်းသည် ကျန်းမာရေးကို ဆိုးရွားစွာ ထိခိုက်စေပါသည်။"

## Smoking is dangerous to health.



၂။ အထက် အပိုဒ် ၁ တွင် ဖော်ညွှန်းသည့် စာတမ်းအမှတ်အသားနှင့် ဆိုင်းဘုတ်သည် -

(က) အလျား ၁၈ လက်မ၊ အနံ ၁၂ လက်မထက် မကြီးသောအရွယ်အစား ဖြစ်ရမည်။

(ခ) အောက်ခံအဖြူရောင်ပေါ်တွင် သတိပေးစာသားကို အနက်ရောင်ဖြင့် ထင်ရှားစွာ ရေးသားရမည်။

၃။ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဥပဒေ ပုဒ်မ ၇၊ ပုဒ်မခွဲ (စ) ပါ ခရီးသည် သယ်ယူပို့ဆောင်သော ရထားနှင့်ရေယာဉ်များမှတစ်ပါး အခြားဆေးလိပ်သောက်ခွင့်မရှိသော နေရာ၏တာဝန်ခံပုဂ္ဂိုလ်သည် မိမိနှင့်သက်ဆိုင်သောနေရာတွင် ဆေးလိပ်သောက်ခွင့်ရှိသော သီးသန့် နေရာကို အောက်ပါအချက်များနှင့်အညီ စီမံထားရှိရမည် -

(က) အဆောက်အအုံ၏ပြင်ပ၊ အဆောက်အအုံဝင်ပေါက်၊ ပြူတင်းပေါက်များနှင့် အနည်းဆုံး ၁၀ မီတာ အကွာတွင် သတ်မှတ်ပေးခြင်း၊

(ခ) အမိုးအကာမရှိသော နေရာဖြစ်ခြင်း၊

(ဂ) ဆေးလိပ်ငွေ့သည် အနီးပတ်ဝန်းကျင်ရှိ ဆေးလိပ်မသောက်သူများထံသို့ ရောက်ရှိပျံ့နှံ့မှု မရှိနိုင်သော နေရာဖြစ်ခြင်း။

၄။ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဥပဒေ ပုဒ်မ ၇၊ ပုဒ်မခွဲ (စ) ပါ ဆေးလိပ်သောက်ခွင့်မရှိသော ခရီးသည်သယ်ယူပို့ဆောင်သော ရထား သို့မဟုတ် ရေယာဉ်များ၏ တာဝန်ခံပုဂ္ဂိုလ်သည် မိမိနှင့်သက်ဆိုင်သော ရထား သို့မဟုတ် ရေယာဉ်တွင် ဆေးလိပ်သောက်ခွင့် ရှိသော သီးသန့်နေရာကို အောက်ပါအချက်များနှင့်အညီ စီမံထားရှိရမည် -

(က) သီးသန့်အခန်း သို့မဟုတ် သီးသန့်နေရာဖြစ်ခြင်း၊

(ခ) လေဝင်လေထွက် ကောင်းမွန်ခြင်း၊

(ဂ) ဆေးလိပ်ငွေ့သည် အနီးပတ်ဝန်းကျင်ရှိ ဆေးလိပ်မသောက်သူများထံသို့ ရောက်ရှိပျံ့နှံ့မှု မရှိနိုင်သော နေရာဖြစ်ခြင်း။

၅။ တာဝန်ခံပုဂ္ဂိုလ်သည် အမိန့် အပိုဒ် ၁ မှ ၄ အထိပါ တာဝန်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ပါက ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဥပဒေ ပုဒ်မ ၁၆ အရ အရေးယူခြင်းခံရမည်။

၆။ မည်သူမဆို ဆေးလိပ်သောက်ခွင့်ရှိသော သီးသန့်နေရာမှ ကျော်လွန်၍ ဆေးလိပ်မသောက်ရသော နေရာတစ်ခုခုတွင် ဆေးလိပ်သောက်ခြင်း သို့မဟုတ် မီးညှိထားသည့်ဆေးလိပ် ကိုင်ဆောင်ထားခြင်းပြုပါက ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဥပဒေ ပုဒ်မ ၁၇ အရ အရေးယူခြင်းခံရမည်။

(ဒေါက်တာဖေသက်ခင်)
ပြည်ထောင်စုဝန်ကြီး

စာအမှတ်၊ ၄မခ(ဃ) ၂၀၁၄ /၃၁၄၂
ရက်စွဲ၊ ၂၀၁၄ ခုနှစ်၊ မတ်လ(၃)ရက်
**ဖြန့်ဝေခြင်း**

၁။ နိုင်ငံတော်သမ္မတရုံး
၂။ နိုင်ငံတော်သမ္မတဦးစီးရုံး
၃။ ဒုတိယသမ္မတ(၁)ဦးစီးရုံး
၄။ ဒုတိယသမ္မတ(၂)ဦးစီးရုံး
၅။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
၆။ ပြည်ထောင်စုလွှတ်တော်ရုံး
၇။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး
၈။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
၉။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
၁၀။ ပြည်ထောင်စုဝန်ကြီးဌာနအားလုံး
၁၁။ ပြည်ထောင်စုရှေ့နေချုပ်ရုံး
၁၂။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

- **တာဝန်ခံပုဂ္ဂိုလ်**

**ဥပဒေ အခန်း (၁) ပုဒ်မ ၂ စ) တွင် တာဝန်ခံပုဂ္ဂိုလ်ကို အောက်ပါအတိုင်း အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။**

တာဝန်ခံပုဂ္ဂိုလ် ဆိုသည်မှာ ပုဒ်မ ၆ နှင့် ပုဒ်မ ၇ တို့တွင် သတ်မှတ်ဖော်ပြထားသော နေရာကို ပိုင်ဆိုင်သူ သို့မဟုတ် တာဝန်ယူစီမံခန့်ခွဲသူကို ဆိုသည်။ ယင်းစကားရပ်တွင် ထိုသူက လွှဲအပ်တာဝန် ပေးထားသော ပုဂ္ဂိုလ်လည်းပါဝင်သည်။

- **ဥပဒေ အခန်း (၆) ပုဒ်မ ၉ တွင် တာဝန်ခံပုဂ္ဂိုလ်၏ လုပ်ငန်းတာဝန်များကို အောက်ပါအတိုင်း ပြဋ္ဌာန်းထားပါသည်။**

တာဝန်ခံပုဂ္ဂိုလ်သည် –

(က) ပုဒ်မ ၆ တွင် ဖော်ပြထားသောနေရာ၌ ဆေးလိပ်သောက်ခွင့်မရှိသောနေရာ ဖြစ်ကြောင်း ဖော်ညွှန်းသည့်စာတန်းနှင့် အမှတ်အသားများကို သတ်မှတ်ချက်များနှင့်အညီဆောင်ရွက် ထားရှိရမည်။

(ခ) ပုဒ်မ ၇ တွင် ဖော်ပြထားသောနေရာ၌ ဆေးလိပ်သောက်ခွင့်ရှိသောသီးသန့်နေရာ စီမံ ထားရှိရမည့်အပြင် ယင်းသို့ ဆေးလိပ်သောက်ခွင့်ရှိသောသီးသန့်နေရာ ဖြစ်ကြောင်း ဖော်ညွှန်းသည့်စာတန်းနှင့် အမှတ်အသားများကိုလည်း သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက် ထားရှိရမည်။

(ဂ) ဆေးလိပ်သောက်ခွင့်မရှိသောနေရာ၌ မည်သူမျှဆေးလိပ်သောက်ခြင်းမပြုရန် ကြပ်မတ် ဆောင်ရွက်ရမည်။

(ဃ) မိမိတာဝန်ရှိသည့်နေရာသို့ ကြီးကြပ်ရေးအဖွဲ့ လာရောက်စစ်ဆေးသည့်အခါ စစ်ဆေး ခြင်းကိုခံယူရမည်။

- **အကယ်၍ တာဝန်ခံပုဂ္ဂိုလ်သည် ၎င်း၏ လုပ်ငန်းတာဝန်များကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက် ပါက အရေးယူခံရမည်ဖြစ်ကြောင်း ဥပဒေ အခန်း(၈) ပုဒ်မ ၁၆ တွင် အောက်ပါအတိုင်း သတ်မှတ် ပြဋ္ဌာန်းထားပါသည်။**

  – မည်သည့်တာဝန်ခံပုဂ္ဂိုလ်မဆို ပုဒ်မ ၉ ပါ တာဝန်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ပထမအကြိမ်ပြစ်မှုကျူးလွန်ခြင်းဖြစ်ပါက ထိုသူအား ငွေဒဏ်အနည်းဆုံး ကျပ် ၁,၀၀၀ မှ အများဆုံး ကျပ် ၃,၀၀၀ အထိ လည်းကောင်း၊ ဒုတိယအကြိမ်နှင့် အထက်ပြစ်မှုကျူးလွန်ခြင်းဖြစ်ပါက ထိုသူအားငွေဒဏ်အနည်းဆုံး ကျပ် ၃,၀၀၀မှ အများဆုံး ကျပ် ၁၀,၀၀၀ အထိလည်းကောင်း ချမှတ်ရမည်။

➢ **တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ သိပ္ပံ၊ ကျောင်း စသည့်နေရာများကို စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူနိုင်ကြောင်း ဥပဒေ အခန်း(၇) ပုဒ်မ ၁၀ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားပါသည်။**

**စီမံခန့်ခွဲရေးနည်းလမ်းအရအရေးယူခြင်း**

တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ သိပ္ပံ၊ ကျောင်း၊ ဘာသာရပ်သင်ကိုယ်ပိုင်သင်တန်းနှင့် သင်တန်းကျောင်းများ၏ တာဝန်ခံပုဂ္ဂိုလ်သည် ပုဒ်မ ၆၊ ပုဒ်မခွဲ (င)၊ (စ)နှင့်(ဆ)တို့တွင် ဖော်ပြထားသောနေရာ၌ ဆေးလိပ်သောက်ခြင်းသို့မဟုတ် မီးညှိထားသောဆေးလိပ်ကို ကိုင်ဆောင်ခြင်းပြုသူအား အောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာအမိန့် တစ်ရပ်ရပ်ချမှတ်နိုင်သည် –

(က) ပထမအကြိမ်ကျူးလွန်မှုအတွက် ပညာပေးခြင်း၊ သတိပေးခြင်းနှင့် မိဘ သို့မဟုတ် အုပ်ထိန်းသူကို အသိပေးခြင်း၊

(ခ) ထပ်မံကျူးလွန်မှုများအတွက် သက်ဆိုင်ရာဝန်ကြီးဌာနက ဗဟိုအဖွဲ့နှင့် ညှိနှိုင်းသတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီ အရေးယူခြင်း။

**ဆေးလိပ်ငွေ့ကင်းစင်နယ်မြေများထူထောင်ခြင်း**

ကျန်းမာရေးဌာနများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ သိပ္ပံ၊ ကျောင်း၊ ဘာသာရပ်သင်ကိုယ်ပိုင်သင်တန်းနှင့် သင်တန်းကျောင်းများ၊ အစိုးရရုံးဌာနများ မှအစပြု၍ ဥပဒေပြဋ္ဌာန်းချက်ပါ ဆေးလိပ် လုံးဝ သောက်ခွင့်မရှိသောနေရာများကို ဆေးလိပ်ငွေ့ကင်းစင်နယ်မြေ များဖြစ်စေရန် ဆောင်ရွက်ရမည်ဖြစ်ပါသည်။

**ဆေးလိပ်ငွေ့ကင်းစင်နယ်မြေများ ထူထောင်ရန် အဆင့် (၁၀) ဆင့်**

1. Work with a Potential Champion
   ဦးဆောင်ဦးရွက်ပြုနိုင်မည့်သူကို ရှာဖွေခြင်း၊ သတ်မှတ်ခြင်း
2. Launch the Smoke–Free Campaign and Intensify Public Awareness on the Hazards of Smoking and Exposure to Secondhand Smoke
   သတ်မှတ်နေရာတစ်ခုကို ဆေးလိပ်ငွေ့ ကင်းစင်နယ်မြေအဖြစ် သတ်မှတ်၍ ဆောင်ရွက်မည့်ကိစ္စကို သက်ဆိုင်သူများအားလုံးသိရှိရန် အသိပေးရှင်းလင်းခြင်းနှင့် ဆေးလိပ်ငွေ့အန္တရာယ်၊ တဆင့်ခံဆေးလိပ်ငွေ့၏ ဆိုးကျိုးများနှင့် ဥပဒေအရ သတ်မှတ်ချက်များ၊ လိုက်နာဆောင်ရွက်ရန် အချက်များကို သက်ဆိုင်သူနှင့် အများသူငါ သိရှိစေရန် အသိပညာပေးခြင်း
3. Prepare the Smoke–Free Law
   ဆေးလိပ်ငွေ့ကင်းစင်နယ်မြေသတ်မှတ် ဆောင်ရွက်နိုင်ရန် အစီအစဉ်ချမှတ်ခြင်း
4. Organize a Task Force

ဆေးလိပ်ငွေ့ကင်းစင်နယ်မြေသတ်မှတ်ရန်အတွက် ဦးဆောင်မည့်သူများ၊ စည်းကမ်းထိန်းသိမ်း ရေးဆောင်ရွက်မည့်သူများ၊ ကြီးကြပ်ကွပ်ကဲမည့်သူများ၊ အသိပညာပေးမည့်သူများ၊ အရေးယူ မည့်သူများကို သတ်မှတ်၍ တာဝန်များ ခွဲဝေသတ်မှတ်ခြင်း

5. Gather Stakeholder's Support

   လုပ်ငန်းဆောင်ရွက်ရာတွင် ပူးပေါင်းဆောင်ရွက်မည့် အာဏာပိုင်များ၊ အဖွဲ့အစည်းများ၊ သက်ဆိုင်သူများအားလုံး၏ အထောက်အပံ့နှင့် ပူးပေါင်းပါဝင် ဆောင်ရွက်မှု ရရှိရန် ဆောင်ရွက်ခြင်း

6. Post Adequate and Visible 'No Smoking' Signs

   ဆေးလိပ်မသောက်ရ သတ်မှတ်သည့် စတစ်ကာများ၊ သတိပေးဆိုင်းဘုတ်များကို အများသူငါ မြင်သာအောင် ထင်ရှားများပြားစွာ ကပ်ခြင်း/ထားရှိခြင်း

7. Pre–Enforcement: Intensify Public Awareness on the Provisions of the Smoke–free Law

   အများပြည်သူမှ သိရှိလိုက်နာဆောင်ရွက်လာစေရန် ဥပဒေသတ်မှတ်ချက်များနှင့် စည်းကမ်း သတ်မှတ်ချက်များ၊ အရေးယူမည့်အစီအစဉ်များကို အသိပေးခြင်းလုပ်ငန်းကို ကျယ်ပြန့်စွာ ဆောင်ရွက်ခြင်း

8. Launch the Smoke–Free Law

   ဆေးလိပ်ငွေ့ကင်းစင်နယ်မြေ သတ်မှတ်လိုက်ပြီဖြစ်ကြောင်း ပြည်သူလူထုနှင့် သက်ဆိုင်သူများ အားလုံးကို အသိပေးခြင်း

9. Enforcement of the Smoke–Free Law: Intensified and Sustained

   ရှောင်တခင်စစ်ဆေးခြင်း၊ ကွပ်ကဲခြင်း၊ ဖောက်ဖျက်မှုများကို ထိရောက်စွာ အပြစ်ပေးအရေးယူ ခြင်းများကို အားဖြည့်ဆောင်ရွက်ခြင်း

10. Monitoring and Evaluation

    ကြီးကြပ်စစ်ဆေးခြင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအပေါ် ဆန်းစစ်ခြင်းစသည့် လုပ်ငန်းစဉ် အဆင့် (၁၀)ဆင့်ဖြင့် ဆောင်ရွက်ရမည်ဖြစ်ပါသည်။







***ပြည်သူ့ကျန်းမာရေးကြီးကြပ်(၂)များမှ ဆောင်ရွက်ရန်လုပ်ငန်းများ

- ဆေးလိပ်၊ ဆေးရွက်ကြီးနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်ကို အသိပညာပေးခြင်း
- ဥပဒေပါသတ်မှတ်ချက်များအတိုင်း ဆေးလိပ်ငွေ့ကင်းစင်နယ်မြေများ ထူထောင်ရန် အသိပညာပေးခြင်း၊ လှုံ့ဆော်ခြင်း၊ ပံ့ပိုးပေးခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း
- မိမိဒေသအတွင်း ဆေးလိပ်ငွေ့ကင်းစင်နယ်မြေအဖြစ် သတ်မှတ်ထားရှိရမည့် ဌာနများ၊ ရုံးများ၊ နေရာများ စာရင်းပြုစုထားခြင်းနှင့် လုပ်ငန်းဆောင်ရွက်သည့် စာရင်းကို ပြုစုထားခြင်း

## “Offer help to quit tobacco use”

## “ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သုံးစွဲနေသူများအား ဖြတ်နိုင်အောင် ကူညီပေးခြင်း”

**သင်ကြားချိန် (၁နာရီ ၃၀ မိနစ်)**

ဆေးလိပ်ဆေးရွက်ကြီးသုံးစွဲမှုကြောင့် မိသားစုကျန်းမာရေး၊ လူမှုစီးပွားအခြေအနေများကို ထိခိုက်စေသဖြင့် မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိသားစုဝင်များကသော်လည်းကောင်း၊ မိမိပတ်ဝန်းကျင်ရှိ မိတ်ဆွေအပေါင်းအသင်းများနှင့် ဆွေမျိုးများကသော်လည်းကောင်း၊ ပြည်သူလူထုတွင်လည်းကောင်း ဆေးလိပ်နှင့်ဆက်စပ်ပစ္စည်းများ သုံးစွဲနေပါက ချက်ချင်းဆေးလိပ်ဖြတ်ရန်၊ ဆေးရွက်ကြီးငုံခြင်း၊ ဆေးပါသောကွမ်းစားခြင်းတို့ကို ပြုလုပ်နေပါက ချက်ချင်းဖြတ်ရန် လိုအပ်ကြောင်း ပညာပေး တိုက်တွန်း ကူညီဆောင်ရွက်ပေးရမည် ဖြစ်ပါသည်။

အချို့က ဆေးရွက်ကြီးငုံခြင်း၊ ကွမ်းယာထဲတွင်ဆေးထည့်စားခြင်း တို့သည် ဆေးလိပ်သောက်ခြင်းလောက်အန္တရာယ်မများဟု လွဲမှားစွာ မှတ်ယူနေကြပါသည်။ အမှန်မှာ ဆေးရွက်ကြီးနှင့် ကွမ်းစားဆေးများတွင် နီကိုတင်းပါဝင်မှုပိုများသောကြောင့် ဆေးရွက်ကြီးငုံခြင်း၊ ကွမ်းယာထဲတွင် ဆေးထည့်စားခြင်းတို့သည် စီကရက်သောက်ခြင်းထက် လေးဆခန့် ပိုမိုအန္တရာယ်များကြောင်း လေ့လာမှုများအရ တွေ့ရှိရပါသည်။ ထို့ကြောင့် “ဆေးလိပ်ဖြတ်ကြစို့”ဟု ဆိုရာတွင် ဆေးလိပ်နှင့် စီးကရက်သာမက ဆေးရွက်ကြီးငုံခြင်း၊ ကွမ်းယာထဲတွင် ဆေးထည့်စားခြင်းတို့ ဖြတ်တောက်ရန် အထူးအရေးကြီးပါသည်။

- ***ဆေးလိပ်ဖြတ်ခြင်း***
  - နိုင်ငံတိုင်းလိုလိုတွင် ဆေးလိပ်ဖြတ်ကြသူအားလုံး၏ (*၉၀%*)သည် မိမိတို့၏စိတ်ဆန္ဒသဘောဖြင့်သာဖြတ်ကြပါသည်။
  - မည်သည့်ဆေးဝါးကိုမျှ မှီခိုရန်မလိုဘဲ ဖြတ်နိုင်ပါသည်။
  - မိမိ၏အတွင်းစိတ်ဆန္ဒမှ အမှန်တကယ်ဖြတ်လိုစိတ်ရှိရန်လိုပါသည်။
  - ထို့ကြောင့်ဆေးလိပ်/ကွမ်းဖြတ်မည့်သူများသည် အောက်ပါအချက်များအတိုင်း ဆုံးဖြတ်ချက်ခိုင်မာစွာ ချမှတ်ဆောင်ရွက်ရပါမည်။
    - ပထမ – ငါဆေးလိပ်ဖြတ်တော့မည်
    - ဒုတိယ – ဆုံးဖြတ်ချက်အတိုင်း မလွဲမသွေ လိုက်နာ၍ ဖြတ်မည်
    - တတိယ – ဖြတ်ပြီးနောက် တစ်ကျော့ပြန် မသောက်မိစေရန်

- ***ဘာကြောင့် ဆေးလိပ်ဖြတ်ကြသလဲ***
  - ကျန်းမာရေးအသိပညာရရှိလာခြင်း
  - ရောဂါတစ်ခုခုကြောင့် ဆရာဝန်၏ အကြံပေးချက်
  - ငွေကြေးကုန်ကျမှုများလာခြင်း

- ပတ်ဝန်းကျင်မှ တွန်းအား
- အများစုမှာ ဆေးလိပ်ကြောင့် ရရှိသောရောဂါများခံစားရပြီး ကြောက်ရွံ့လာ၍ ဖြတ်ကြသည်။

➢ ***ဆေးလိပ်၊ ဆေးရွက်ကြီးဖြတ်ခြင်း အကျိုးကျေးဇူးများ***

**၁။ လက်ငင်းရလဒ်များ**

- ကိုယ်ခန္ဓာထဲတွင် အဆိပ်များ သန့်စင်လာခြင်း
- Nicotine ဆေးလိပ်မသောက်ဘဲ (၈)နာရီ – ထက်ဝက်လျော့ခြင်း
- ကာဗွန်မိုနောက်ဆိုဒ် – ၂၄–၄၈ နာရီ – သာမန် ဆေးလိပ် မသောက်သူကဲ့သို့ လျော့နည်းလာခြင်း
- Oxygen ပါဝင်မှုမြင့်တက် – နှလုံးခုန်မှန်လာခြင်း
- ကတ္တရာဓါတ်များရှင်းစပြု၍ အသက်ရှူချောင်လာခြင်း
- အနံ့နှင့် အရသာခံအာရုံများ ကောင်းခြင်း
- သွားဖြူခြင်း၊ ခံတွင်းသန့်ရှင်းလာခြင်း

**၂။ ကြာရှည်ရလဒ်များ**

- အသက်အရွယ်မရွေး ဖြတ်လိုက်သည်နှင့် လူမှုရေး၊ ကျန်းမာရေး အကျိုးများ ပြန်လည်ရရှိခံစားရခြင်း
- ဆေးလိပ်ကြောင့် ရောဂါရရှိထားသော်လည်း ဆေးလိပ်ဖြတ်ပြီး တစ်နှစ်အတွင်း ဖြစ်နှုန်းထက်ဝက်လျော့နည်းခြင်း
- (၁၅)နှစ်ကြာဖြတ်သူ – ဆေးလိပ်မသောက်ဖူးသူကဲ့သို့ဖြစ်ခြင်း
- ဆေးလိပ်ကြောင့် နှလုံးရောဂါဖြစ်သူ – ရောဂါကြောင့် သေဆုံးမှုနှုန်း (၅၀%) လျော့နည်းစေခြင်း
- အဆုတ်ကင်ဆာဖြစ်နှုန်း – အလားတူလျော့နည်းစေခြင်း

➢ ***ဆေးလိပ်သောက်သူများတွင် ဆေးလိပ်မသောက်သူများထက် သေဆုံးမှုနှုန်း ၃ဆ ပိုမို စေသည့် အဆိပ်များ***

- နီကိုတင်း – စွဲလမ်းစေခြင်း၊ သွေးတိုးခြင်း၊ နှလုံးရောဂါ၊ လေဖြတ်ခြင်း
- ကတ္တရာ – အဆုတ်နှင့် လေပြွန်ရောဂါ၊ ကင်ဆာရောဂါ
- ကာဗွန်မိုနော့ဆိုဒ် – ကြွက်သား၊ နှလုံး၊ ဦးနှောက် တို့ထံအောက်ဆီဂျင် လုံလောက်စွာမရောက်ခြင်း

➢ ***ဆေးရွက်ကြီးငုံခြင်း၊ ဆေးပါသော ကွမ်းစားခြင်း***

- ဆေးရွက်ကြီးငုံခြင်း၊ ကွမ်းထဲတွင် ဆေးထည့်စားခြင်း – စီးကရက်သောက်ခြင်းထက် *လေးဆခန့်* အန္တရာယ်ပိုများသည် (ဆေးရွက်ကြီးတွင် နီကိုတင်းပါဝင်မှု ပိုမိုများသဖြင့်)
- ကင်ဆာများ – ခံတွင်း၊ မေးရိုး၊ လေပြွန်၊ အစာရေမြိုပြွန်
- သွေးအတွင်းအဆီများစေခြင်း – နှလုံးရောဂါ
- သွားမည်းခြင်း၊ ပျက်စီးခြင်း၊ ခံတွင်း/ပါးစောင် အနာဖြစ်ခြင်း၊ အနံ့ဆိုးခြင်း

****အောက်ပါခေါင်းစဉ်များအတွက် ဤစာအုပ်ရှေ့ပိုင်းတွင် ဖော်ပြထားပြီးသည့် သက်ဆိုင်ရာအခန်းတွင် ပြန်လည်ကြည့်ရှုစေရန်ဖြစ်သည်။*

- *အမျိုးသမီးများအတွက် ဆေးလိပ်အန္တရာယ်*
- *အမျိုးသားများအတွက် ဆေးလိပ်အန္တရာယ်*
- *သန္ဓေသားနှင့် ကလေးအတွက် ဆေးလိပ်အန္တရာယ်*

- ❖ ဆေးလိပ်၊ဆေးရွက်ကြီးသည်အန္တရာယ်များသာရှိပြီး၊ ကောင်းကျိုးမပေးသည့် အဆိပ်သာဖြစ်သည်။
- ❖ ရောဂါဖြစ်ပွားလာပါက ကုသရခြင်းကြောင့် မိသားစုဝင်ငွေ အသုံးပြုရခြင်း၊ ဝင်ငွေ မရှာနိုင်ခြင်း ၊ စားဝတ်နေရေး၊ စီးပွားရေး ထိခိုက်စေခြင်းစသည့် ဆိုးကျိုးများစွာရှိပါသည်။
- ❖ ဆေးလိပ်ငွေ့ကြောင့် ပတ်ဝန်းကျင်မှ လူများကို ထိခိုက်စေခြင်းနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှု ဖြစ်စေနိုင်ပါသည်။
- ❖ ကွမ်းတံတွေးများကြောင့် ပတ်ဝန်းကျင် လှပသာယာမှုကို ပျက်စီးစေနိုင်ပါသည်။

<u>Training of Trainer Manual for Package of Essential Non-communicable Disease Interventions (PEN) 2017, Page 50, Annex (12) – Counseling on Cessation of Tobacco Use</u>

- *Counselling on cessation of tobacco use – 5 steps နှစ်သိမ့်ဆွေးနွေးခြင်း အဆင့်(၅)ဆင့်*
    - **A1 – ASK**
    - **A2 – ADVISE**
    - **A3 – ASSESS**
    - **A4 – ASSIST**
    - **A5 – ARRANGE**

*A1 –ASK*

**Do you use tobacco**

↓

**No**

↓

**Reinforce message that tobacco increases risk of diseases including heart disease**

*A2 –ADVISE*

↓

**Do you use tobacco**

↓

**Yes**

**Advise to quite “a clear and personalized manner”**

**Tobacco use increases the risk of developing a heart attack, stroke, lung cancers and respiratory diseaseQuitting tobacco use is the one most important thing you can do to protect your heart and health, you have to quit NOW**

- ***ဆေးလိပ်၊ ဆေးရွက်ကြီးဖြတ်ခြင်း(အကြံပေးရန်အချက်များ)***
  - ဆေးလိပ်၊ ဆေးရွက်ကြီးကြောင့် ကုန်ကျငွေကို မိသားစုအတွက်
  - အစားအစာ၊
  - အဝတ်အထည်၊
  - ပညာရေး၊
  - ကျန်းမာရေး တို့အတွက် ပိုမိုသုံးစွဲနိုင်မည်။
  - ငွေကြေးကုန်ကျမှု လျော့နည်းသွားမည်။

*A3 –ASSESS & A4 – ASSIST*

↓

**Are you willing to make a quit attempt now?**

↓

**Yes**

- **Assist in preparing a quitting plan**
- **Set quit date**
- **Inform family and friends, ask for their support**
- **Remove cigarette/tobacco, remove objects/ articles that prompt you to smoke**
- **Arrange follow up visit**

➢ ***ဆေးလိပ်၊ ဆေးရွက်ကြီးဖြတ်ရန် အသင့်အနေအထား (အကြံပေးရန်အချက်များ)***

- ဆေးလိပ်စတင်ဖြတ်မည့် နေ့ရက်ကို ရွေးချယ် သတ်မှတ်ပါ။
- အလုပ်ရှုပ်သောရက်၊ တာဝန်ပိသောရက် မဖြစ်ပါစေနှင့်။
- စိတ်လွတ်ကိုယ်လွတ်ရှိသောနေ့ ဖြစ်ပါစေ။
- ထိုနေ့ကို ထူးခြားသော နေ့တစ်နေ့အဖြစ် အသိအမှတ်ပြု သတ်မှတ်ထားပါ။
- ဆေးလိပ်ဖြတ်ရန် တစ်ရက်အကြိုတွင် ဆေးလိပ်၊ ဆေးရွက်ကြီး၊ ၎င်းတို့နှင့် ပတ်သက်သော ပစ္စည်းများအားလုံး သင့်ပတ်ဝန်းကျင်မှ ဖယ်ရှားပါ။
- သင့်အိမ်ခန်း၊ ရုံးခန်း၊ မော်တော်ကားအတွင်း ဆေးလိပ်ပြာခွက်၊ စီးကရက်အတိုအစများ၊ မီးခြစ်၊ ကွမ်းအစ် စသည်တို့ အားလုံး ဖယ်ရှားပြီး ဖြစ်ပါစေ။
- ဆေးလိပ်သောက်ရခြင်း အကြောင်းများနှင့် ဖြတ်နိုင်ပါက ရရှိမည့် ကောင်းကျိုးများ အားလုံးကို ရေးသား၍ မြင်သာသည့် နေရာတွင်ထားပါ။
- သင်၏ မိတ်ဆွေ အပေါင်းအသင်းများအား ဆေးလိပ်၊ ဆေးရွက် ကြီးသုံးစွဲမှု ရပ်မည်ဖြစ်ကြောင်းပြောပါ။
- သင့်အသိုင်းအဝိုင်းတွင် သင်ကဲ့သို့ ဆေးလိပ်ဖြတ်မည့်သူ ရှိ/မရှိ စုံစမ်းပါ။ ဆက်သွယ်၍ တိုင်ပင်ပြောဆိုပါ။

➢ ***ဆေးလိပ်၊ ဆေးရွက်ကြီးဖြတ်ရာတွင် ပံ့ပိုးမှုပေး နိုင်မည့်နည်းလမ်းများ***

- ဆေးလိပ်မသောက်သောနေ့၊ ကွမ်းမစားသောနေ့ ဖြစ်ပေါ်ပါစေ။

- ဖြတ်သောရက်ပေါင်းများလာသည်နှင့် ဆေးလိပ်သောက်ချင်စိတ်၊ ကွမ်းစားချင်စိတ်များကို မိမိကိုယ်တိုင် ထိန်းချုပ်လာနိုင်ပါမည်။
- ခင်မင်သော မိတ်ဆွေ အပေါင်းအသင်းများထံ သွားရောက်လည်ပတ်ပါ။
- စာဖတ်ခြင်း၊ သီချင်းနားထောင်ခြင်းနှင့် အခြားဝါသနာပါသည်များ ဆောင်ရွက်ပါ
- အချိန်မှန်မှန် စားပါ၊ အိပ်ပါ။
- မိတ်ဆွေ၊ သူငယ်ချင်းများ ဆေးလိပ်ပေးလာလျှင်၊ သောက်ရန်တိုက်တွန်းလျှင် ငြင်းဆိုပါ။
- မျက်စိပိတ်၊ အသက်မှန်မှန်ရှူ၍ ခေတ္တခဏ နားနေပါ။
- ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းမှန်မှန်လုပ်ပါ။
- ဆေးလိပ်ဖြတ်သည့်အတွက် ရရှိလာမည့် ကောင်းကျိုးများကို ရေတွက်ကြည့်ပါ။
- ချရေးကြည့်ပါ၊ မိမိကိုယ်မိမိ တွန်းအားပေးပါ။

➢ ***ဆေးလိပ်၊ ဆေးရွက်ကြီးဖြတ်ခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သော ခံစားမှု၊ ဝေဒနာများ***

- ဆေးလိပ်သောက်ချင်စိတ်ပေါ်ခြင်း
- တစ်ခါတစ်ရံ ခေါင်းကိုက်ခြင်း
- စိတ်လှုပ်ရှားခြင်း၊ စိတ်ကဏ္ဍာမငြိမ်ခြင်း
- အိပ်မပျော်ခြင်း၊ နေ့ညမှားခြင်း
- စိတ်ဓါတ်ကျခြင်း
- ဝလာနိုင်ခြင်း

*၎င်းဝေဒနာများသည် (၂-၃)ပတ်ကြာတွင် ပြေပျောက်သွားပါမည်*

➢ ***မိမိစိတ်မှ ကြံ့ကြံ့ခံနိုင်ရန် အထောက်အကူပြုအချက်***

- အသက်ပြင်းပြင်းရှူသွင်းပါ၊ ထို့နောက် ဖြည်းဖြည်း ပြန်ထုတ်ပါ၊ ၅ ကြိမ်ခန့် ပြုလုပ်ပါ။
- သက်သောင့်သက်သာ အနေအထားနှင့် ထိုင်ပါ၊ မျက်စိပိတ်၍ စိတ်ကို လျှော့ချပါ။
- “ငါဆေးလိပ်ဖြတ်နိုင်ရမည်”ဟု မိမိကိုယ်ကို ပြောကြားပါ၊ ယုံကြည်မှုရှိပါစေ။
- သီချင်းနားထောင်ခြင်း၊ စာဖတ်ခြင်း၊ လမ်းလျှောက်ခြင်း၊ မိတ် ဆွေများနှင့် ဖုန်းပြောခြင်း ပြုလုပ်ပါ၊ စကားစမည်ပြောပါ။

| *A3 –ASSESS & A4 – ASSIST* |
|---|
| ↓ Are you willing to make a quit attempt now? ↓ **No** <br>• **Promote motivation to quit**<br>• **Provide information on health hazards of tobacco and give leaflet to the patient** |
| *A5 –ARRANGE* |
| • **At follow-up visit**<br>• **Congratulate success and reinforce**<br>• **If patient has relapsed, consider more intensive follow up and support from family** |

➢ ***အောင်မြင်မှုရရှိခြင်းနှင့် သတိပြုရန် အချက်များ***

- ဆေးလိပ်သောက်သုံးသူများနှင့် အတူရှိနေစဉ်
- အလုပ်နားနေစဉ်
- နံနက်စောစော ရေအိမ်အသုံးပြုစဉ်
- ယာဉ်မောင်းပြီးနားနေစဉ်
- အလုပ်ပင်ပန်းလျှင်
- မိသားစုအတွင်း အဆင်မပြေ အငြင်းပွားမှုများ
- အထီးကျန်စိတ် စသည်တို့ကြောင့် ဆေးလိပ်သောက်လိုသော ဆန္ဒဖြစ် ပေါ်နိုင်သည်။

➢ ***ဆေးလိပ်ဖြတ်နေစဉ် ပြန်လည်သောက်မိခြင်း***

- ပြန်လည်သောက်မိပါက ဆေးလိပ်ဖြတ်ခြင်း မအောင်မြင်တော့ဟု မယူဆပါနှင့်။
- ယခုတစ်ကြိမ် ပြန်သောက်ခြင်းကို နမူနာယူပြီး နောက်တစ်ကြိမ် ပြန်မသောက်မိရန် ကြိုးစားပါ။
- သင်ဆေးလိပ်ဖြတ်ရန် မည်မျှ အားထုတ်ခဲ့ရကြောင်း ပြန်သုံးသပ်ပါ။
- တစ်ကြိမ်မျှ ဆေးလိပ်ပြန်သောက်မိရုံနှင့် အားမလျှော့သင့်ပါ။
- သင်၏ အားထုတ်မှုများ အလဟဿ မဖြစ်ပါစေနှင့်။

- မည်သည့်အတွက်ကြောင့် ဆေးလိပ်ပြန်သောက်ကြောင်း သေချာစွာပြန်လည် သုံးသပ်ပါ။
- နားလည်အောင်စဉ်းစားပြီး ကျော်ဖြတ်ရန် နည်းလမ်းရှာပါ။
- ဆေးလိပ်ဖြတ်သူ၊ ဆေးရွက်ကြီး သုံးစွဲမှုရပ်လိုက်သူ မြောက်များစွာရှိပါသည်။
- အခြားသူများကဲ့သို့ သင်လည်း လုပ်နိုင်ရမည်ဖြစ်ပါသည်။

➢ ***သင်ချစ်ခင်ရသူ ဆေးလိပ်ဖြတ်ရန် အကူအညီပေးပါ***

- သင်ချစ်ခင်ရသူတစ်ဦး အချိန်မတိုင်မီရောဂါဖြစ်ပွားခြင်း၊ အသက် ဆုံးရှုံးခြင်းဖြစ်မည်ကို သင် လိုလားမည်မဟုတ်ပါ။
- ထိုသူ ဆေးလိပ်ဖြတ်ရန်၊ ကွမ်းဖြတ်ရန် သင့်အနေနှင့် တိုက်တွန်းပါ၊ အကူအညီပေးပါ၊ အမြဲ ရှောင်ရှားနိုင်အောင် တွန်းအားပေးပါ။
- သုံးစွဲမှုကြောင့်ဖြစ်နိုင်သော ကျန်းမာရေးပြဿနာများဆိုင်ရာ ပညာပေးစာစောင်၊ အခြား ပစ္စည်းများ လေ့လာနိုင်ရန် ရှာဖွေပေးခြင်း၊ အကူအညီပေးခြင်း ပြုလုပ်ပါ၊ ဆွေးနွေးပါ။
- ဆေးလိပ်ဖြတ်မည်ဆိုပါက အကူအညီပေးပါ။
- အားလပ်ချိန် နည်းနေပါစေ။
- သရေစာမုန့်များ၊ အဖျော်ရည်များ မကြာခဏ သောက်သုံးရန် တိုက်တွန်းပါ။
- ဆေးလိပ်ဖြတ်ခြင်းကြောင့် ဖြစ်တတ်သည့် ခံစားရမှုများ ဖြစ်ပါက ကူညီပံ့ပိုးပါ။
- ဆေးလိပ်သောက်တတ်သူနှင့် မတွေ့မိအောင်ရှောင်ရန် အကြံပေးပါ၊ အရက်ရှောင်ကြဉ်ရန် အကြံပေးပါ။
- ဆေးလိပ်ဖြတ်ခြင်းအတွက် အသိအမှတ်ပြုပါ၊ ချီးမွမ်းပါ၊ လိုလားနှစ်သက်ကြောင်း အမူအရာပြပါ။
- ရှုံ့ချခြင်းရှောင်ပါ၊ နားလည်မှုနှင့် အကူအညီပေးပါ၊ တိုက်တွန်းပါ၊ ဆေးလိပ်ဖြတ်ခြင်း၊ ကွမ်းဖြတ်ခြင်းတို့ကို အောင်မြင်စွာ ဆောင်ရွက်နိုင်ပါသည်။
- သို့ရာတွင် အချိန်ပေးရမည် ဆိုသည်ကို စွဲမြဲစွာမှတ်ထားပါ။

| *Counselling on cessation of tobacco use – 5 steps* |
|---|
| **A1 – ASK** ဆေးလိပ်သောက်သုံးမှုအလေ့အကျင့်ကို မေးမြန်းပါ<br>**A2 – ADVISE** ဆေးလိပ်ဖြတ်ရန် အကြံပြုပါ<br>**A3 – ASSESS** ဆေးလိပ်ဖြတ်လိုခြင်းကို ဆန်းစစ်ပါ<br>**A4 – ASSIST** ဆေးလိပ်ဖြတ်နိုင်ရန် လိုအပ်သလို ကူညီပါ<br>**A5 – ARRANGE** ဆေးလိပ်ဖြတ်နိုင်ရန် အဖြစ်နိုင်ဆုံးနည်းလမ်းကို စီစဉ်ပေးပါ |
| *4 Rs* |
| **RELEVANCE –** ဆေးလိပ်ဖြတ်ခြင်းသည် ကျန်းမာရေးနှင့် မည်မျှပတ်သက်ကြောင်း ပညာပေးပါ<br>**RISK–** ဆေးလိပ်၏ အန္တရာယ်ကို ရှင်းပြပါ<br>**REWARD–** ဆေးလိပ်ဖြတ်၍ ရမည့် အကျိုးကို ရှင်းပြပါ<br>**REPETITION–** ဆေးလိပ်ဖြတ်ရန် ပညာပေးခြင်းကို အကြိမ်ကြိမ် ကြိုးစားလုပ်ဆောင်ပါ |

***ပြည်သူ့ကျန်းမာရေးကြီးကြပ်(၂)များမှ ဆောင်ရွက်ရန်လုပ်ငန်းများ

- ဆေးလိပ်၊ ဆေးရွက်ကြီးနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်ကို အသိပညာပေးခြင်း
- မကူးစက်နိုင်သောရောဂါများဖြစ်သည့် သွေးတိုး၊ နှလုံးသွေးကြောကျဉ်း၊ ဆီးချို၊ ကင်ဆာ၊ နာတာရှည်အဆုတ်၊ တီဘီ စသည့်ရောဂါများ ခံစားနေရသည့်လူနာများကို ဆေးလိပ် ဖြတ်ရန် ပညာပေးခြင်း
- ဆေးလိပ်ကွမ်းဖြတ်လိုသူများကို ဤသင်ခန်းစာပါ အဆင့်များအတိုင်း နှစ်သိမ့်ဆွေးနွေး ပညာပေးခြင်းကို ဆောင်ရွက်ခြင်း၊ ကူညီထောက်ပံ့ပေးခြင်း
- မိမိဒေသအတွင်း ဆေးလိပ်၊ ကွမ်းစားသုံးသူများ စာရင်းသိရှိရန် ဆောင်ရွက်ခြင်းနှင့် နှစ်သိမ့် ဆွေးနွေးပညာပေးခဲ့သည့် အရေအတွက်ကို မှတ်တမ်းတင်ထားခြင်း

## “Warn about the dangers of tobacco”

## “ပြည်သူလူထုကို ဆေးလိပ်၊ ဆေးရွက်ကြီး အန္တရာယ်နှင့် ပတ်သက်၍ သတိပေးခြင်း”

**သင်ကြားချိန် (၄၅ မိနစ်)**

ဆေးရွက်ကြီးအန္တရာယ်ကို ပြည်သူလူထုအားအသိပေးခြင်း (Warn About Dangers of Tobacco) သည် ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးအတွက် အဖွဲ့ဝင် နိုင်ငံများအားလုံး လိုက်နာဆောင်ရွက်ရမည့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ MPOWER လုပ်ငန်းစဉ်များအနက် တစ်ခုဖြစ်ပါသည်။ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း ထိန်းချုပ်ခြင်း အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း (FCTC) အခန်း (၁၁) ပါ ပြဋ္ဌာန်းချက်များအရ –

- အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းများ၏ ထုပ်ပိုးပစ္စည်းများတွင် ကျန်းမာရေးသတိပေးရုပ်ပုံနှင့် စာသားများကို အလှည့်ကျစနစ်ဖြင့် ပုံနှိပ်ဖော်ပြရန် ပြဋ္ဌာန်းဆောင်ရွက်ရမည်။
- ထည့်သွင်းဖော်ပြမည့် ကျန်းမာရေးသတိပေးရုပ်ပုံသည် အရွယ်အစားအားဖြင့် ထုပ်ပိုးပစ္စည်းပင်မမျက်နှာပြင်၏ (၅၀%) နှင့်အထက် (၃၀%) အောက်မငယ်သော အရွယ်အစား ဖြစ်ရမည်။
- ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းများ၏ ထုပ်ပိုးပစ္စည်းများတွင် ကျန်းမာရေးသတိပေးရုပ်ပုံနှင့်စာသားများ ပုံနှိပ်ဖော်ပြခြင်းသည် ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးအတွက် အလွန်ထိရောက်သော လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည်။

ကျန်းမာရေးဝန်ကြီးဌာနသည်ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှုထိန်းချုပ်ရေး ဥပဒေ၊ ပုဒ်မ(၈)၊ ပုဒ်မခွဲ (င)နှင့် ပုဒ်မ (၁၉)၊ ပုဒ်မခွဲ (ခ) အရ(၂၀၁၆) ခုနှစ်၊ ဖေဖော်ဝါရီလ (၂၉) ရက်နေ့တွင် “ဆေးလိပ်ထုပ်များတွင် သတိပေးရုပ်ပုံနှင့် စာသားများ ပုံနှိပ်ဖော်ပြခြင်း ဆိုင်ရာအမိန့်” ကို အမိန့်ကြော်ငြာစာအမှတ်(၁၁/၂၀၁၆)ဖြင့် ထုတ်ပြန်ကြေငြာခဲ့သည်။ အမိန့်ကြော်ငြာစာအရ သတိပေးရုပ်ပုံနှင့် စာသားကို စီးကရက်ဘူး၏ ရှေ့မျက်နှာပြင်နှင့် နောက်မျက်နှာပြင် အပေါ်ပိုင်းကို (၇၅ %) ထက် မနည်းစေဘဲ ပုံနှိပ်ဖော်ပြမည် ဖြစ်သည်။ ထို (၇၅%) အနက် ရုပ်ပုံကို (၅၀%)နှင့် သတိပေးစာတမ်းကို (၂၅%) ဖော်ပြရမည် ဖြစ်သည်။






ဆေးလိပ်၊ဆေးရွက်ကြီးလုပ်ငန်းရှင်များသည် သတိပေးရုပ်ပုံနှင့်စာသားများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်သည့်အတိုင်း နှစ်အလိုက် ပုံနှိပ်ဖော်ပြသွားရမည်ဖြစ်သည်။




(၂၀၁၆)




(၂၀၁၇)




(၂၀၁၈)




(၂၀၁၉)

- ***ဆေးလိပ်ထုပ်များတွင် ကျန်းမာရေးသတိပေးရုပ်ပုံများ ပုံနှိပ်ဖော်ပြခြင်းဖြင့် ရရှိမည့် အကျိုးများ***
  - ဆေးလိပ်၊ ဆေးရွက်ကြီးအန္တရာယ်နှင့် ပတ်သက်၍ ပြည်သူလူထုအနေနှင့် တိကျစွာသိရှိခြင်း မရှိသည့်အတွက် ဆေးလိပ်၊ ဆေးရွက်ကြီးသုံးစွဲမှု အန္တရာယ်နှင့်ပတ်သက်၍ အများပြည်သူမှ သိရှိစေရန် ကျန်းမာရေးသတိပေးရုပ်ပုံများ အသုံးပြု၍ အသိပညာပေးနိုင်ခြင်း
  - လူတစ်ဦးစီ၏ ဆေးလိပ်သောက်သည့် ပမာဏလျော့နည်းလာစေခြင်း
  - အဆိုပါရုပ်ပုံများထည့်သွင်းခြင်းကြောင့် ကုန်ကျစရိတ်ကို အစိုးရနှင့် ပြည်သူလူထုမှ ကျခံသုံးစွဲရန် မလိုခြင်း
  - ရုပ်ပုံများထည့်သွင်းခြင်းသည် စာသားများစွာရေးသားထားခြင်းထက် များစွာ ထိရောက်မှု ရှိခြင်း
  - ဆေးလိပ်ဘူးပေါ်မှ ဆွဲဆောင်မှုရှိသည့်အမှတ်အသား၊အရောင်အသွေးများကို လျှော့ချနိုင်ခြင်း
  - ဆေးလိပ်/ဆေးရွက်ကြီးသုံးစွဲသူများမှ ဆေးလိပ်ဖြတ်လာစေရန် တွန်းအားပေးနိုင်ခြင်း
  - ဆေးလိပ်/ဆေးရွက်ကြီး စတင်သောက်သုံးခြင်း မရှိသေးသည့် လူငယ်လူရွယ်များကို စတင်သောက်သုံးခြင်းမရှိအောင် ဟန့်တားနိုင်ခြင်း
  - ဆေးလိပ်/ဆေးရွက်ကြီး ဖြတ်ပြီးသူများကို ပြန်လည်သောက်သုံးခြင်းမရှိအောင် တွန်းအားပေးနိုင်ခြင်း
  - ဆေးလိပ်ဘူးပေါ်တွင် ထည့်သွင်းသင့်သည့် အချက်များကို ထည့်သွင်းနိုင်ခြင်း (ဥပမာ– ဆေးလိပ်ဖြတ်ရန် အကြံဉာဏ်ရယူရမည့်နေရာ)

## “ဆေးလိပ်ထုပ်များတွင် သတိပေးရုပ်ပုံနှင့် စာသားများ ပုံနှိပ်ဖော်ပြခြင်းဆိုင်ရာအမိန့်”

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ကျန်းမာရေးဝန်ကြီးဌာန**

အမိန့်ကြော်ငြာစာအမှတ်၊ ၁၁ /၂၀၁၆

၁၃၇၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက်

( ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၉ ရက် )

ကျန်းမာရေးဝန်ကြီးဌာနသည် ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေး ဥပဒေ ပုဒ်မ ၈၊ ပုဒ်မခွဲ (င)နှင့် ပုဒ်မ ၁၉၊ ပုဒ်မခွဲ (ခ)တို့အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ (၂၀၁၆)ခုနှစ်၊ ဇန်နဝါရီလ (၂၈)ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ်(၄/၂၀၁၆) သဘောတူညီချက်အရ အောက်ပါအမိန့်ကို ထုတ်ပြန်လိုက်သည်-

**အခန်း (၁)**

**အမည်နှင့် စတင်အာဏာသက်ရောက်ခြင်း**

၁။ (က) ဤအမိန့်ကြော်ငြာစာ၏ အမည်ကို “ဆေးလိပ်ထုပ်တွင် သတိပေးရုပ်ပုံနှင့် စာသားများ ပုံနှိပ်ဖော်ပြခြင်းဆိုင်ရာအမိန့်” ဟု ခေါ်တွင်စေရမည်။

(ခ) ဤအမိန့်ကြော်ငြာစာသည် အမိန့်ထုတ်ပြန်ပြီး ခြောက်လပြည့်မြောက်သည့်နေ့မှစ၍ စတင် အာဏာသက်ရောက်စေရမည်။

**အခန်း (၂)**

**ဆေးလိပ်ထုပ်ပေါ်တွင် ဖော်ပြရမည့် သတိပေးစာသားနှင့် ရုပ်ပုံများ**

၂။ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း ထုတ်လုပ်သူသည် ဆေးလိပ်ထုပ်ပေါ်တွင် သတိပေး ရုပ်ပုံနှင့် စာသားများကို အောက်ပါ သတ်မှတ်ချက်များနှင့်အညီ ဖော်ပြရမည် -

(က) စီးကရက်ကို ထုပ်ပိုးသည့် ဆေးလိပ်ထုပ် (တစ်ဘူးချင်းနှင့် ကာတွန်းဘူးများ)ပေါ်တွင် အောက်ပါအတိုင်း ပုံနှိပ်ဖော်ပြရမည် -

(၁) “ဆေးလိပ်သောက်ခြင်းကြောင့် ခံတွင်းကင်ဆာ ဖြစ်နိုင်သည်။” ဟူသော စာသားကို ဘူး၏ ရှေ့မျက်နှာပြင်နှင့် နောက်မျက်နှာပြင်တွင်လည်းကောင်း၊ “ဆေးလိပ်သောက်ခြင်းသည် ကျန်းမာရေးကို ဆိုးရွားစွာ ထိခိုက်စေပါသည်။” ဟူသော စာသားကို ဘူး၏ အပေါ်မျက်နှာပြင်တွင်လည်းကောင်း၊ “ဆေးလိပ်တွင် နိုင်ထရိုစမင်း၊ ဘင်ဇိုပိုင်ရင်း စသော ကင်ဆာဖြစ်စေသော ဓါတ်ပစ္စည်းများ ပါဝင်သည်၊ ဆေးလိပ်ဖြတ်ပါ။” ဟူသော စာသားကို ဘူး၏ ဘယ်ဘက်ဘေး မျက်နှာပြင်တွင်လည်းကောင်း၊ “ဆေးလိပ်တွင် ပါဝင်သော နီကိုတင်း၊ ကတ္တရာနှင့် ကာဗွန်မိုနောက်ဆိုဒ် တို့သည် နှလုံးရောဂါနှင့် အဆုတ်ရောဂါကို ဖြစ်စေသည်၊ ဆေးလိပ်ဖြတ်ပါ။” ဟူသော စာသားကို ဘူး၏ ညာဘက်ဘေး မျက်နှာပြင်တွင်လည်းကောင်း မြန်မာဘာသာဖြင့် ပုံနှိပ်ဖော်ပြခြင်း၊

(၂) သတိပေးစာသား၏ စာလုံး အမျိုးအစားကို W 02 art house အသုံးပြုဖော်ပြခြင်း၊

(၃) သတိပေးစာသား၏ စာလုံးအရွယ်အစားကို ဘူး၏ ရှေ့နှင့်နောက် မျက်နှာပြင်တွင် Font Size 18.45 ဖြင့်လည်းကောင်း၊ ဘူး၏အပေါ်နှင့် ဘေးဘက်မျက်နှာပြင်တွင် Font Size 12 ဖြင့်လည်းကောင်း ဖော်ပြခြင်း၊

(၄) နောက်ခံအရောင်နှင့် စာလုံးအရောင်ကို နောက်ခံအနက်ရောင်ပေါ်တွင် သတိပေးစာသားကို အဖြူရောင်ဖြင့် ဖော်ပြခြင်း၊

(၅) အရောင်အမျိုးအစားကို စာသား၏ အရောင်ကို အပြာ(C)= ၀% ၊ အနီ(M)= ၀%၊ အဝါ (Y)= ၀% ၊ အနက်(K)= ၀% ဖြင့်လည်းကောင်း၊ စာသားနှင့် ရုပ်ပုံ၏ နောက်ခံအရောင်ကို အပြာ(C)= ၅၀ % ၊ အနီ(M)= ၅၀ % ၊ အဝါ (Y)= ၅၀ % ၊ အနက်(K)= ၁၀၀ % ဖြင့်လည်းကောင်း အသုံးပြုဖော်ပြခြင်း၊

(၆) ရုပ်ပုံကို အောက်ဖော်ပြပါ သတိပေးရုပ်ပုံနှင့်စာသားကို စီးကရက်ဘူး၏ ရှေ့မျက်နှာပြင်နှင့် နောက်မျက်နှာပြင်၏ အပေါ်ပိုင်း ၇၅ % ထက် မနည်းစေဘဲ ပုံနှိပ်ဖော်ပြရမည်။ ထို ၇၅% အနက် ရုပ်ပုံကို ၅၀% နှင့် သတိပေးစာတမ်းကို ၂၅% ဖော်ပြခြင်း၊




(၇) ရုပ်ပုံ၏ အရည်အသွေးကို ကျန်းမာရေးဝန်ကြီးဌာနမှ စီးကရက် ထုတ်လုပ်သူများသို့ ပေးပို့မည့် စီဒီတွင် ပါဝင်သည့် အရည်အသွေးအတိုင်း ပုံနှိပ်ဖော်ပြခြင်း။

(ခ) ဆေးပေါ့လိပ်နှင့် ဆေးပြင်းလိပ်ကို ထုပ်ပိုးသည့် ဆေးလိပ်ထုပ်ပေါ်တွင် အောက်ပါအတိုင်း ပုံနှိပ်ဖော်ပြရမည် -

(၁) ဆေးလိပ်ထုပ်ကို လေးထောင့်ပုံစံ ထုပ်ပိုးထားပါက ဆေးလိပ်ထုပ်၏ ရှေ့မျက်နှာပြင်နှင့် နောက်မျက်နှာပြင် အပေါ်ပိုင်းတွင်လည်းကောင်း၊ အဝိုင်းစည်းပုံစံ ထုပ်ပိုးထားပါက ဆန့်ကျင်ဘက်မျက်နှာပြင်နှစ်ဘက်လုံး၏ အပေါ်ပိုင်းတွင်လည်းကောင်း၊ "ဆေးလိပ်သောက်ခြင်းကြောင့် ခံတွင်းကင်ဆာ ဖြစ်နိုင်သည်၊ ဆေးလိပ်ဖြတ်ပါ။" ဟူသော စာသားကို မြန်မာဘာသာဖြင့် ပုံနှိပ်ဖော်ပြခြင်း၊

(၂) သတိပေးစာသား၏စာလုံးအမျိုးအစားကို W 02 art house အသုံးပြုဖော်ပြခြင်း၊

(၃) သတိပေးစာသား၏ စာလုံးအရွယ်အစားကို Font Size 18.45 ဖြင့် ဖော်ပြခြင်း၊

(၄) နောက်ခံအရောင်နှင့် စာလုံးအရောင်ကို နောက်ခံ အနက်ရောင်ပေါ်တွင် သတိပေးစာသားကို အဖြူရောင်ဖြင့် ဖော်ပြခြင်း၊

(၅) အရောင်အမျိုးအစားကို စာသား၏ အရောင်ကို အပြာ(C)= ၀% ၊ အနီ(M)= ၀% ၊ အဝါ (Y)= ၀% ၊ အနက်(K)= ၀% ဖြင့်လည်းကောင်း၊ စာသားနှင့် ရုပ်ပုံ၏ နောက်ခံအရောင်ကို အပြာ(C)= ၅၀ % ၊ အနီ(M)= ၅၀ % ၊ အဝါ (Y)= ၅၀ % ၊ အနက်(K)= ၁၀၀ % ဖြင့်လည်းကောင်း အသုံးပြုဖော်ပြခြင်း၊

(၆) ရုပ်ပုံကို အောက်ဖော်ပြပါ သတိပေးရုပ်ပုံနှင့်စာသားကို ဆေးလိပ်ထုပ်၏ ရှေ့မျက်နှာပြင်နှင့် နောက်မျက်နှာပြင်၏ အပေါ်ပိုင်း ၇၅ % ထက် မနည်းစေဘဲ ပုံနှိပ်ဖော်ပြ၍ ထို ၇၅% အနက် ရုပ်ပုံကို ၅၀% နှင့် သတိပေးစာတမ်းကို ၂၅% ဖော်ပြခြင်း၊




(၇) ရုပ်ပုံ၏ အရည်အသွေးကို ကျန်းမာရေးဝန်ကြီးဌာနမှ ဆေးလိပ်ထုတ်လုပ်သူများသို့ ပေးပို့မည့်စီဒီတွင် ပါဝင်သည့် အရည်အသွေးအတိုင်း ပုံနှိပ်ဖော်ပြခြင်း။

(ဂ) ဆေးရွက်ကြီးနှင့် ဆေးပေါင်းကို ထုပ်ပိုးသည့် ဆေးလိပ်ထုပ်ပေါ်တွင် အောက်ပါအတိုင်း ပုံနှိပ်ဖော်ပြရမည် -

(၁) ဆေးရွက်ကြီးနှင့် ဆေးပေါင်းထုပ်ကို မည်သည့်ပုံစံဖြင့် ထုပ်ပိုးထားသည်ဖြစ်စေ အထုပ်၏အပေါ်ပိုင်းတွင် " ဆေးရွက်ကြီးထွက်ပစ္စည်းကို စားသုံးခြင်းကြောင့် ခံတွင်းကင်ဆာ ဖြစ်နိုင်သည်။" ဟူသော စာသားကို မြန်မာဘာသာဖြင့် ပုံနှိပ်ဖော်ပြခြင်း၊

(၂) သတိပေးစာသား၏ စာလုံးအမျိုးအစားကို W 02 art house အသုံးပြုဖော်ပြခြင်း၊

(၃) သတိပေးစာသား၏ စာလုံးအရွယ်အစားကို Font Size 18.45 ဖြင့် ဖော်ပြခြင်း၊

(၄) နောက်ခံအရောင်နှင့် စာလုံးအရောင်ကို နောက်ခံ အနက်ရောင်ပေါ်တွင် သတိပေး စာသားကို အဖြူရောင်ဖြင့် ဖော်ပြခြင်း၊

(၅) အရောင်အမျိုးအစားကို စာသား၏ အရောင်ကို အပြာ(C)= ၀% ၊ အနီ(M)= ၀% ၊ အဝါ (Y)= ၀% ၊ အနက်(K)= ၀% ဖြင့် လည်းကောင်း၊ စာသားနှင့် ရုပ်ပုံ၏ နောက်ခံအရောင်ကို အပြာ(C)= ၅၀ % ၊ အနီ(M)= ၅၀ % ၊ အဝါ ( Y )= ၅၀ % ၊ အနက်(K)= ၁၀၀ % ဖြင့်လည်းကောင်း အသုံးပြုဖော်ပြခြင်း၊

(၆) ရုပ်ပုံကို အောက်ဖော်ပြပါ သတိပေးရုပ်ပုံနှင့်စာသားကို ဆေးရွက်ကြီးထုပ်အပေါ်ပိုင်း ၇၅ % ထက် မနည်းစေဘဲ ပုံနှိပ်ဖော်ပြ၍ ထို ၇၅% အနက် ရုပ်ပုံကို ၅၀% နှင့် သတိပေးစာတမ်းကို ၂၅% ဖော်ပြခြင်း၊




(၇) ရုပ်ပုံ၏ အရည်အသွေးကို ကျန်းမာရေးဝန်ကြီးဌာနမှ ဆေးရွက်ကြီးနှင့် ဆေးပေါင်း ထုတ်လုပ်သူများသို့ ပေးပို့မည့် စီဒီတွင် ပါဝင်သည့် အရည်အသွေးအတိုင်း ပုံနှိပ် ဖော်ပြခြင်း။

(ဃ) ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း ထုတ်လုပ်သူသည် ဆေးလိပ်ထုပ်ပေါ်တွင် အပိုဒ် ၂ (က)၊ (ခ)နှင့် (ဂ)ပါသတ်မှတ်ချက်များနှင့်အညီ သတိပေးရုပ်ပုံနှင့် စာသားကို ပုံနှိပ်ဖော်ပြရမည်။

(င) အပိုဒ် ၂ (က)၊ (ခ)နှင့် (ဂ)ပါသတိပေးရုပ်ပုံကို အမှတ်စဉ်(၁)အဖြစ် သတ်မှတ်ပြီး နောက်ဆက်တွဲ(က)ပါ သတိပေးရုပ်ပုံကို အမှတ်စဉ်အလိုက် ၁၂ လပြည့်တိုင်း ပြောင်းလဲဖော်ပြရမည်။

## အခန်း (၃)
## လိုက်နာရမည့် အခြားအချက်များ

၃။ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း ထုတ်လုပ်သူ၊ ဖြန့်ဖြူးသူ သို့မဟုတ် ရောင်းချသူသည် အောက်ဖော်ပြပါသတ်မှတ်ချက်များကို ရှောင်ကြဉ်ရမည် -

(က) ဆေးလိပ်ထုပ်ပေါ်ရှိ သတိပေးရုပ်ပုံနှင့် စာသားကို ဖျက်ဆီးခြင်း၊ ဖုံးအုပ်ခြင်း၊

(ခ) အခွန်ထမ်းဆောင်ပြီးကြောင်း ဖော်ပြသည့်တံဆိပ်ခေါင်း သို့မဟုတ် စာသားကို သတိပေးရုပ်ပုံနှင့် စာသားများပေါ်တွင် ဖုံးအုပ်ခြင်း၊

(ဂ) ဆေးလိပ်ထုပ်ပေါ်တွင် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း အရောင်းမြှင့်တင်ရာရောက်သည့် စာသား၊ အရောင်၊ ရုပ်ပုံ၊ ပစ္စည်း စသည်တို့ကို ဖော်ပြခြင်း၊

(ဃ) ဆေးလိပ်ထုပ်ပေါ်တွင် ကျန်းမာရေးကို ဆိုးရွားစွာ ထိခိုက်စေနိုင်မှု မရှိသည့်သဘော သက်ရောက်သည့် စာသား ( ဥပမာ - "Low tar" "Light" "ultra-light" "mild" "safe" စသည်)၊ ရုပ်ပုံနှင့် အမှတ်အသားများကို ဖော်ပြခြင်း။

## အခန်း (၄)
## အရေးယူခြင်း

၄။ ဤအမိန့်ကြော်ငြာစာတွင် သတ်မှတ်ထားသည့်အတိုင်း သတိပေးရုပ်ပုံနှင့် စာသားများ ပုံနှိပ်ဖော်ပြထားခြင်းမရှိသော ဆေးလိပ်ထုပ်များကို ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်း ပြုလုပ်သူ သို့မဟုတ် ဆေးလိပ်ထုပ်ပိုးရာတွင် လိုက်နာရမည့် အချက်များကို ဖောက်ဖျက်သူ မည်သူမဆို ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေး ဥပဒေ ပုဒ်မ ၁၃၊ ပုဒ်မခွဲ (က)အရ အရေးယူခြင်းခံရမည်။

၁၂၊ ၃၊ ၆၁၁

(ဒေါက်တာသန်းအောင်)
ပြည်ထောင်စုဝန်ကြီး

စာအမှတ် ၊ ၄မခ(ဃ) ၂၀၁၆/ ၄၄၂၂
ရက်စွဲ ၊ ၂၀၁၆ ခုနှစ် ၊ ဖေဖော်ဝါရီလ( ၂၉ )ရက်

***ပြည်သူ့ကျန်းမာရေးကြီးကြပ်(၂)များမှ ဆောင်ရွက်ရန်လုပ်ငန်းများ

- သတ်မှတ်ထားသည့် ကျန်းမာရေးသတိပေးရုပ်ပုံပါရှိသည့် ဆေးလိပ်ထုပ်များကိုသာ ထုတ်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချရမည်ဖြစ်သဖြင့် ကျန်းမာရေးသတိပေးရုပ်ပုံမပါရှိသော ပစ္စည်းများကို တရားမဝင်ပစ္စည်းအဖြစ် သတ်မှတ်ထားကြောင်း၊ ဖြန့်ဖြူးသူ၊ ရောင်းချသူများ သိရှိအောင် အသိပညာပေးခြင်း
- အဆိုပါပစ္စည်းများကို တရားမဝင်ပစ္စည်းအဖြစ် သတ်မှတ်ထားသဖြင့် ဈေးကွက်အတွင်းမှ သိမ်းဆည်းနိုင်ရန် သက်ဆိုင်သည့် ဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ရာ၌ ကူညီဆောင်ရွက်ခြင်း

## “Enforce bans on tobacco advertising, promotion and sponsorship”

**“ဆေးလိပ်ကြော်ငြာခြင်း၊ရောင်းအားမြှင့်တင်ခြင်းနှင့်အထောက်အကူပေး(စပွန်ဆာပေး)ခြင်းကိုတားမြစ်ခြင်း”**

**သင်ကြားချိန် (၁နာရီ ၃၀ မိနစ်)**

ဆေးရွက်ကြီးထွက်ပစ္စည်းများ ကြော်ငြာခြင်း၊ အရောင်းမြှင့်တင်ခြင်းနှင့် စပွန်ဆာပေးခြင်းကို တားမြစ်ခြင်း (**Enforce Bans on Tobacco Advertising, Promotion and Sponsorship) သည်** ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးအတွက် အဖွဲ့ဝင်နိုင်ငံများအားလုံး လိုက်နာဆောင်ရွက်ရမည့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ MPOWER လုပ်ငန်းစဉ်များအနက် တစ်ခုဖြစ်ပါသည်။ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း ထိန်းချုပ်ခြင်း အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း (FCTC) အခန်း (၁၃) ပါ ပြဋ္ဌာန်းချက်များအရ –

- ဆေးလိပ်နှင့် ဆေးလိပ်မီးခိုး၏ ကျန်းမာရေးကို ထိခိုက်စေသည့် သဘောသဘာဝအား လိမ်လည်လှည့်ဖြား၍ ဆေးလိပ်ကြော်ငြာခြင်း၊ ရောင်းအားမြှင့်တင်ခြင်းနှင့် စပွန်ဆာပေးခြင်းကို ပိတ်ပင်တားမြစ်ခြင်း
- ဆေးလိပ်ရောင်းအားမြှင့်တင်ရန်အတွက် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း အပိုလက်ဆောင်ပေးမှုကို တားမြစ်ခြင်း
- ရေဒီယို၊ ရုပ်မြင်သံကြား၊ သတင်းစာနယ်ဇင်းနှင့် အင်တာနက်တို့တွင် ဆေးလိပ်ကြော်ငြာခြင်းကို ကန့်သတ်ပိတ်ပင်တားမြစ်ခြင်း
- နိုင်ငံတကာရေးရာ လှုပ်ရှားမှုများ၊ ဖြစ်ရပ်များတွင် ဆေးလိပ်၊ဆေးရွက်ကြီးလုပ်ငန်းများမှ စပွန်ဆာပြုလုပ်ခြင်းကို ပိတ်ပင်တားမြစ်ခြင်း
- မိမိနိုင်ငံအတွင်းတွင် ဆေးလိပ်ကြော်ငြာခြင်း၊ ရောင်းအားမြှင့်တင်ခြင်းနှင့် စပွန်ဆာ ပြုလုပ်ခြင်းကိုပိတ်ပင်တားမြစ်ခြင်း
- မိမိနိုင်ငံအတွင်းသို့ အခြားနိုင်ငံများမှ ဆေးလိပ်ကြော်ငြာခြင်း၊ ရောင်းအားမြှင့်တင်ခြင်းနှင့် စပွန်ဆာပြုလုပ်ခြင်းကို ပိတ်ပင်တားမြစ်ခြင်းတို့ကို ဆောင်ရွက်ရမည် ဖြစ်ပါသည်။

➢ ***တိုက်ရိုက်ကြော်ငြာခြင်းနှင့် အရောင်းမြှင့်တင်ခြင်း***

- **ပုံနှိပ်မီဒီယာများတွင် ကြော်ငြာခြင်း**






- **Billboard များတွင် ကြော်ငြာခြင်း**




- **Outdoor အနေဖြင့် ကြော်ငြာခြင်း (ဘတ်စ်ကားမှတ်တိုင်၊ လမ်းညွှန်ဆိုင်းဘုတ်...)**







- **အရောင်းမြှင့်တင်ခြင်း(Promotion)**






- အင်တာနက်မှ ကြော်ငြာခြင်း၊ အရောင်းမြှင့်တင်ခြင်း




➢ *သွယ်ဝိုက်၍ ကြော်ငြာခြင်းနှင့် အရောင်းမြှင့်တင်ခြင်း*

- အရောင်းနေရာများတွင် ခင်းကျင်းပြသထားခြင်း





- အမှတ်တံဆိပ်ကို အခြားထုတ်ကုန်များတွင်တိုးချဲ့၍ ထုတ်လုပ်ခြင်း (Brand Stretching)







- အမှတ်တံဆိပ်ဝေမျှထုတ်လုပ်ခြင်း(Brand Sharing)









- **လူမှုရေး အကူအညီ အထောက်အပံများပေးခြင်း**

ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း လုပ်ငန်းများမှ လူမှုကူညီရေးလုပ်ငန်းများတွင် နည်းပညာ၊ ငွေကြေးအထောက်အပံ့များပေးခြင်း (ဥပမာ – ရေရှားသောဒေသများတွင် စက်ရေတွင်းတူးဖော်ပေးခြင်း)




- **ပွဲလမ်းသဘင်နှင့်အားကစားပြိုင်ပွဲကို အထောက်အပံ့ပေးခြင်း**







- **ဖျော်ဖြေရေး မီဒီယာများတွင် ထည့်သွင်းကြော်ငြာခြင်း**






- **နယ်နိမိတ်များကို ဖြတ်ကျော်၍ ကြော်ငြာခြင်းနှင့် အရောင်းမြှင့်တင်ခြင်း**

  မိမိတို့နိုင်ငံမှ ထုတ်ကုန်များ အခြားနိုင်ငံများတွင် ကြော်ငြာခြင်းနှင့် အရောင်းမြှင့်တင်ခြင်း၊ အခြားနိုင်ငံများမှထုတ်ကုန်များ မိမိတို့နိုင်ငံအတွင်း ကြော်ငြာခြင်းနှင့် အရောင်း မြှင့်တင်ခြင်းများကို ဆိုလိုသည်။ အောက်ပါတို့မှတဆင့် ကြော်ငြာခြင်းနှင့် အရောင်းမြှင့်တင်ခြင်းများ ပြုလုပ်နိုင်သည်။

  - အင်တာနက်
  - ရုပ်ရှင်
  - ဂြိုလ်တုမှ တိုက်ရိုက်ထုတ်လွှင့်သော အစီအစဉ်များ
  - အားကစားပွဲများ
  - အဝတ်အထည်များ
  - နည်းပညာဆိုင်ရာပစ္စည်းများ
  - ဂျာနယ်၊ မဂ္ဂဇင်းနှင့် စာအုပ်စာပေများ

ဆေးရွက်ကြီးထွက်ပစ္စည်းများ ကြော်ငြာခြင်း၊ အရောင်းမြှင့်တင်ခြင်းနှင့် စပွန်ဆာပေးခြင်းကို အောက်ပါအကြောင်းအရင်းများကြောင့် တားမြစ်ပိတ်ပင်ရခြင်းဖြစ်သည်။

- ကမ္ဘာအနှံ့ကပ်အသွင်ဆောင်လာသော ဆေးလိပ်၊ ဆေးရွက်ကြီး သုံးစွဲမှုသည် နိုင်ငံတကာ ကုန်သွယ်မှုရေးရာ ဖြေလျှော့မှုများနှင် တိုက်ရိုက်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကြောင့် ပိုမိုဆိုးဝါး လာခြင်း
- ပြောင်းလဲလာသော ကမ္ဘာလုံးဆိုင်ရာ ဈေးကွက်မြှင့်တင်မှုများနှင့် နည်းပညာမြှင့်မားလာခြင်း တို့ကြောင့် ဆေးလိပ်၊ ဆေးရွက်ကြီး သောက်သုံးမှု အဆမတန် တိုးပွားလာခြင်း
- ကြော်ငြာခြင်း၊ အရောင်းမြှင့်တင်ခြင်းနှင့် စပွန်ဆာပေးခြင်းသည် မသုံးစွဲဖူးသော လူငယ်လူရွယ် များကို ဆေးလိပ်နှင့် ဆေးရွက်ကြီး ထွက်ပစ္စည်းများ စတင်သုံးစွဲစေရန်နှင့် ပုံမှန် သုံးစွဲသူများ ဘဝ ရောက်အောင် တွန်းပို့နေခြင်း
- လက်ရှိ သုံးစွဲသူများအကြားတွင်လည်း၊ သုံးစွဲမှု ရေရှည်တည်တံ့စေခြင်း
- လူမှုပတ်ဝန်းကျင်က လက်ခံသည့် ယဉ်ကျေးမှု တစ်ခုသဖွယ်ဖြစ်အောင် လုပ်ဆောင်နေခြင်း

➢ ***ဆောင်ရွက်ထားမှုအခြေအနေများ***

- ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ (၂၀၀၀) ပြည့်နှစ်မှ စတင်၍ အီလက်ထရောနစ်မီဒီယာ များ ဖြစ်သည့် တယ်လီဗေးရှင်း၊ ရေဒီယိုတို့တွင် ဆေးလိပ်၊ ဆေးရွက်ကြီးထွက်ပစ္စည်း ကြော်ငြာ ခြင်းကို တားမြစ်ထားပြီး ဖြစ်သည်။

- မြို့တော် စည်ပင်သာယာရေးကော်မတီများနှင့် ပူးပေါင်း၍ (၂၀၁၂) ခုနှစ်စတင်၍ ကြော်ငြာဆိုင်းဘုတ်ကြီးများ(Billboards) တွင် ဆေးလိပ်၊ ဆေးရွက်ကြီးထွက်ပစ္စည်း ကြော်ငြာခြင်းကို တားမြစ်ထားပြီးဖြစ်သည်။
- အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ပူးပေါင်း၍ (၂၀၁၂) ခုနှစ်မှ စတင်၍ ပုံနှိပ်မီဒီယာများတွင် ဆေးလိပ်၊ ဆေးရွက်ကြီးထွက်ပစ္စည်း ကြော်ငြာခြင်းကို တားမြစ်ထားပြီး ဖြစ်သည်။

➢ *တည်ဆဲဥပဒေတွင် ပြစ်မှုကျူးလွန်မှုများအတွက် အောက်ပါအတိုင်း ပြဋ္ဌာန်းထားပါသည်။*

**အခန်း(၈)**

**ပြစ်မှုနှင့်ပြစ်ဒဏ်များ**

၁၁။ မည်သူမဆို ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းကို တွင်ကျယ်စွာ ဖြန့်ဖြူးရောင်းချနိုင်ရေး အတွက် လူအများသိရှိစေနိုင်ရန် အောက်ပါပြုလုပ်မှုတစ်ခုခုကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ပထမအကြိမ် ပြစ်မှုကျူးလွန်ခြင်းဖြစ်ပါက ထိုသူအား ငွေဒဏ်အနည်းဆုံး ကျပ် ၂၀,၀၀၀ မှ အများဆုံး ကျပ် ၅၀,၀၀၀ အထိ လည်းကောင်း၊ ဒုတိယအကြိမ်နှင့်အထက် ပြစ်မှုကျူးလွန်ခြင်းဖြစ်ပါက ထိုသူအား ၂နှစ် ထက်မပိုသော ထောင်ဒဏ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်အနည်းဆုံးကျပ် ၅၀,၀၀၀ မှ အများဆုံးကျပ် ၂၀၀,၀၀၀ အထိ လည်းကောင်း ချမှတ်ရမည် -

(က) ကြော်ငြာဆိုင်းဘုတ်စိုက်ထူခြင်း၊ ရေးဆွဲဖော်ပြ၍ကြော်ငြာခြင်း၊ ကြော်ငြာချိတ်ဆွဲ ခြင်း၊ ကြော်ငြာကပ်ခြင်း၊ ကြော်ငြာလက်ကမ်းစာရွက် ဝေငှခြင်း သို့မဟုတ် အခြားတစ်နည်းနည်း ဖြင့်ကြော်ငြာခြင်း၊

(ခ) ရေဒီယို၊ ရုပ်ရှင်၊ ရုပ်မြင်သံကြားနှင့် ဗီဒီယိုတို့ဖြင့်ဖြစ်စေ၊ အဆင့်မြင့်နည်းပညာသုံး ဆက်သွယ်ရေးစနစ်ဖြင့်ဖြစ်စေ လူထုဆက်သွယ်ရေးလမ်းကြောင်းမှ ထုတ်လွှင့်ခြင်း သို့မဟုတ် ပြသခြင်း၊

(ဂ) သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းနှင့် လက်ကမ်းစာစောင်များတွင် ဖော်ပြခြင်း သို့မဟုတ် ယင်းတို့ကို ဖြန့်ချီခြင်း၊

(ဃ) ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း၏ အမှတ်တံဆိပ်ပါသောပစ္စည်းကို အခမဲ့ဖြန့်ဖြူး ခြင်း၊ ဝေငှခြင်း သို့မဟုတ် လက်ဆောင်ပေးခြင်း၊

(င) အားကစားပွဲ၊ ပျော်ပွဲရွှင်ပွဲ သို့မဟုတ် ပြပွဲကျင်းပနိုင်ရန်ဖြစ်စေ၊ အကျိုးပြုလုပ်ငန်း တစ်ခုခု ကို ပြုလုပ်နိုင်ရန်ဖြစ်စေ အထောက်အပံ့ပေးခြင်း သို့မဟုတ် ဝန်ဆောင်မှုပေးခြင်း၊

(စ) လူ့အသုံးဆောင်ပစ္စည်းတစ်ခုခုတွင် ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း၏ အမှတ် တံဆိပ်ကို ဖော်ပြခြင်း၊

(ဆ) အခြားတစ်နည်းနည်းဖြင့် ဆောင်ရွက်ခြင်း။

၁၃။ မည်သူမဆိုအောက်ပါပြုလုပ်မှုတစ်ခုခုကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ပထမအကြိမ်ပြစ်မှုကျူးလွန်ခြင်းဖြစ်ပါက ထိုသူအားငွေဒဏ်အနည်းဆုံး ကျပ် ၁၀,၀၀၀ မှ အများဆုံး ကျပ် ၃၀,၀၀၀ အထိလည်းကောင်း၊ ဒုတိယအကြိမ်နှင့်အထက် ပြစ်မှုကျူးလွန်ခြင်းဖြစ်ပါက ထိုသူအား ၁ နှစ်ထက် မပိုသောထောင်ဒဏ် ချမှတ်ရမည့်အပြင် ငွေဒဏ်အနည်းဆုံး ကျပ် ၃၀,၀၀၀ မှ အများဆုံး ကျပ် ၁၀၀,၀၀၀ အထိ လည်းကောင်းချမှတ်ရမည် –

(က) ဆေးလိပ်ထုပ်တွင် ဖော်ပြရမည့် ဆေးလိပ်သောက်ခြင်းကြောင့် ကျန်းမာရေးကို ဆိုးရွားစွာ ထိခိုက်စေနိုင်ကြောင်း မြန်မာဘာသာဖြင့် သတိပေးစာတန်းနှင့် အခြားသတိပေးချက်များကို သတ်မှတ်ချက်များနှင့်အညီ ဖော်ပြခြင်းမရှိဘဲ ဆေးလိပ်ကိုထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း သို့မဟုတ် ရောင်းချခြင်း၊

(ခ) ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းတွင် ဗဟိုအဖွဲ့ကသတ်မှတ်သော အဆိပ်အတောက်ဖြစ်စေသည့် ဓာတ်ပစ္စည်းအာနိထက် လျော့ပါးပါဝင်သည်ဟု မမှန်မကန်ဖော်ပြပြီး ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းကို ထုတ်လုပ်ခြင်း၊ ယင်းသို့ဖော်ပြထားသည်ကို သိလျက်ဖြင့် ဖြန့်ဖြူးခြင်း သို့မဟုတ် ရောင်းချခြင်း၊

(ဂ) ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းကို စီးပွားရေးအလို့ငှာ အမှတ်တံဆိပ်မရှိဘဲ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း သို့မဟုတ် ရောင်းချခြင်း၊

(ဃ) ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းတစ်ခုခု၏ အမှတ်တံဆိပ်ဖော်ပြထားသော အခြားကုန်ပစ္စည်းတစ်ခုခုကို ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း သို့မဟုတ် ရောင်းချခြင်း၊

(င) ဆေးလိပ်ပုံသဏ္ဌာန်ပြုလုပ်ထားသော ကစားစရာပစ္စည်း၊ စားသောက်ဖွယ်ရာ သို့မဟုတ် အသုံးအဆောင်ကို ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း သို့မဟုတ် ရောင်းချခြင်း။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

စာအမှတ်။ပကရ/ရန-မကစ/ဆေးလိပ်/၂၀၁၈( ၅၆၀ )
ရက်စွဲ။ ၂၀၁၈ခုနှစ်၊ ဒီဇင်ဘာလ( ၂၈ )ရက်

သို့

တိုင်းဒေသကြီး/ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး
တိုင်းဒေသကြီး/ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန

---

အကြောင်းအရာ။ **ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ခြင်း အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း အခန်း(၁၃) ဆေးလိပ်ကြော်ငြာခြင်း၊ ရောင်းအားမြှင့်တင်ခြင်း၊ စပွန်ဆာပြုလုပ်ခြင်းနှင့်ပတ်သက်၍ ဥပဒေပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်မှုနှင့် ပတ်သက်၍ အရေးယူဆောင်ရွက်ရန်အကြောင်းကြားခြင်းကိစ္စ။**

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ မြန်မာနိုင်ငံသည် ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှုထိန်းချုပ်ခြင်း အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းကို ၂၀၀၃ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ပြီး၊ ၂၀၀၄ခုနှစ် ဧပြီလတွင် အတည်ပြုခဲ့သဖြင့် အတည်ပြုလက်မှတ်ရေးထိုးခဲ့သော အစောဆုံးနိုင်ငံများတွင် တစ်နိုင်ငံအပါအဝင်ဖြစ်ပါသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းထိန်းချုပ်ခြင်း အပြည်ပြည်ဆိုင်ရာ ကွန်ဗန်းရှင်းသည် အကျိုးသက်ရောက်မှုများပြားသည်ဟု ခိုင်မာသောသက်သေ အထောက်အထားများ ခိုင်လုံစွာရှိသည့် ဥပဒေပြဋ္ဌာန်းချက်ဖြစ်ပြီး၊ လက်မှတ်ရေးထိုးထားသည့် နိုင်ငံတိုင်းမှ ပြည်သူ့ကျန်းမာရေးကို ရှေးရှုလျက် ဥပဒေပါအတိုင်း လိုက်နာဆောင်ရွက်ရမည့်တာဝန်ရှိပါသည်။

၂။ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ခြင်း အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း အခန်း(၁၃) "ဆေးလိပ်ကြော်ငြာခြင်း၊ ရောင်းအားမြှင့်တင်ခြင်းနှင့် စပွန်ဆာပြုလုပ်ခြင်း" အရ ကျန်းမာရေးဝန်ကြီးဌာနက (၂၀၀၆)ခုနှစ်တွင် ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး၊ အခန်း(၈) ပုဒ်မ ၁၁ တွင် **"မည်သူမဆို ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းကို တွင်ကျယ်စွာ ဖြန့်ဖြူးရောင်းချနိုင်ရေးအတွက် လူအများသိရှိစေရန် အောက်ပါပြုလုပ်မှု တစ်ခုခုကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ပထမအကြိမ် ပြစ်မှုကျူးလွန်ခြင်းဖြစ်ပါက ထိုသူအား ငွေဒဏ်အနည်းဆုံး ကျပ် ၂၀၀၀၀ မှ အများဆုံးကျပ် ၅၀၀၀၀ အထိ လည်းကောင်း၊ ဒုတိယအကြိမ်နှင့် အထက်ပြစ်မှု ကျူးလွန်ခြင်း ဖြစ်ပါက ထိုသူအား ၂ နှစ်ထက်မပိုသော ထောင်ဒဏ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်အနည်းဆုံး ကျပ် ၅၀၀၀၀ မှ အများဆုံး ကျပ် ၂၀၀၀၀၀ အထိ လည်းကောင်းချမှတ်ရမည်-**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

ဝန်ကြီးရုံး

ညွှန်ချုပ်ရုံး
ဝင်စာအမှတ် 436.1
ရက်စွဲ 22.5.19

စာအမှတ်၊ ၁မဆ(ဆ)၂၀၁၉/ ၈၂၅၄

ရက်စွဲ၊ ၂၀၁၉ခုနှစ်၊ မေလ( ၂၂ )ရက်

သို့

ပြည်ထဲရေးဝန်ကြီးဌာန

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန

အကြောင်းအရာ။ **ပူးပေါင်းပါဝင်ဆောင်ရွက်ပေးနိုင်ပါရန် ညှိနှိုင်းခြင်း။**

၁။ အထက်အကြောင်းအရာနှင့်ပတ်သက်၍ မြန်မာနိုင်ငံသည် ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှုထိန်းချုပ်ခြင်း အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းကို (၂၀၀၃)ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ပြီး (၂၀၀၄)ခုနှစ်၊ ဧပြီလတွင် အတည်ပြုခဲ့သဖြင့် အတည်ပြုလက်မှတ်ရေးထိုးခဲ့သော အစောဆုံးနိုင်ငံများတွင် တစ်နိုင်ငံအပါအဝင်ဖြစ်ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းထိန်းချုပ်ခြင်းအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းသည် အကျိုးသက်ရောက်မှုများပြားသည်ဟု ခိုင်မာသောသက်သေအထောက်အထားများ ခိုင်လုံစွာရှိသည့် ဥပဒေပြဋ္ဌာန်းချက်ဖြစ်ပြီး လက်မှတ်ရေးထိုးထားသည့် နိုင်ငံတိုင်းမှ ပြည်သူ့ကျန်းမာရေးကို ရှေးရှုလျက် ဥပဒေပါအတိုင်း လိုက်နာဆောင်ရွက်ရမည့် တာဝန်ရှိပါသည်။

၂။ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ခြင်း အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း အခန်း(၁၃) "ဆေးလိပ်ကြော်ငြာခြင်း၊ ရောင်းအားမြှင့်တင်ခြင်းနှင့် စပွန်ဆာပြုလုပ်ခြင်း" အရ ကျန်းမာရေးဝန်ကြီးဌာနက (၂၀၀၆)ခုနှစ်တွင် ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှုထိန်းချုပ်ရေးဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး အခန်း(၈) ပုဒ်မ ၁၁ တွင် "**မည်သူမဆို ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းကို တွင်ကျယ်စွာ ဖြန့်ဖြူးရောင်းချနိုင်ရေးအတွက် လူအများသိရှိစေရန် အောက်ပါပြုလုပ်မှုတစ်ခုခုကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ပထမအကြိမ် ပြစ်မှုကျူးလွန်ခြင်းဖြစ်ပါက ထိုသူအား ငွေဒဏ်အနည်းဆုံး ကျပ် ၂၀၀၀၀ မှ အများဆုံး ကျပ် ၅၀၀၀၀ အထိလည်းကောင်း၊ ဒုတိယအကြိမ်နှင့်အထက် ပြစ်မှုကျူးလွန်ခြင်းဖြစ်ပါက ထိုသူအား ၂ နှစ်ထက်မပိုသော**

D:\Hnin Wai lwin-2019\Upper Letter -2(1).doc

ထောင်ဒဏ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်အနည်းဆုံး ကျပ် ၅၀၀၀၀ မှ အများဆုံး ကျပ် ၂၀၀၀၀၀ အထိလည်းကောင်း ချမှတ်ရမည် –

(က) ကြော်ငြာဆိုင်းဘုတ်စိုက်ထူခြင်း၊ ရေးဆွဲဖော်ပြ၍ ကြော်ငြာခြင်း၊ ကြော်ငြာချိတ်ဆွဲခြင်း၊ ကြော်ငြာကပ်ခြင်း၊ ကြော်ငြာလက်ကမ်းစာရွက်ဝေငှခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် ကြော်ငြာခြင်း၊

(ခ) ရေဒီယို၊ ရုပ်ရှင်၊ ရုပ်မြင်သံကြားနှင့် ဗွီဒီယိုတို့ဖြင့်ဖြစ်စေ၊ အဆင့်မြင့် နည်းပညာသုံး ဆက်သွယ်ရေးစနစ်ဖြင့်ဖြစ်စေ လူထုဆက်သွယ်ရေးလမ်းကြောင်းမှ ထုတ်လွှင့်ခြင်း သို့မဟုတ် ပြသခြင်း၊

(ဂ) သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းနှင့် လက်ကမ်းစာစောင်များတွင် ဖော်ပြခြင်း သို့မဟုတ် ယင်းတို့ကို ဖြန့်ချီခြင်း၊

(ဃ) ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း၏ အမှတ်တံဆိပ်ပါသောပစ္စည်းကို အခမဲ့ဖြန့်ဖြူးခြင်း၊ ဝေငှခြင်း သို့မဟုတ် လက်ဆောင်ပေးခြင်း၊

(င) အားကစားပွဲ၊ ပျော်ပွဲရွှင်ပွဲ သို့မဟုတ် ပြပွဲကျင်းပနိုင်ရေးဖြစ်စေ၊ အကျိုးပြုလုပ်ငန်း တစ်ခုခုကိုပြုလုပ်နိုင်ရန်ဖြစ်စေ အထောက်အပံ့ပေးခြင်း သို့မဟုတ် ဝန်ဆောင်မှုပေး ခြင်း၊

(စ) လူ့အသုံးအဆောင်ပစ္စည်း တစ်ခုခုတွင် ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း၏ အမှတ်တံဆိပ်ကို ဖော်ပြခြင်း၊

(ဆ) အခြားတစ်နည်းနည်းဖြင့် ဆောင်ရွက်ခြင်း ဟူ၍ ဆေးလိပ်ကြော်ငြာခြင်း၊ ရောင်းအား မြှင့်တင်ခြင်းနှင့် စပွန်ဆာပြုလုပ်ခြင်းတို့ကို ဥပဒေအရ တားမြစ်ကြောင်း အတိအလင်းဖော်ပြ ထားပြီးဖြစ်ပါသည်။

၃။ ယခုအခါ တိုင်းဒေသကြီး/ပြည်နယ်များတွင် ပြုလုပ်လျက်ရှိသော အခမ်းအနားနှင့် ပျော်ပွဲ ရွှင်ပွဲများတွင် ဆေးလိပ်ကုမ္ပဏီများမှ ဥပဒေပါပြဋ္ဌာန်းချက်များကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်၍ အရောင်းမြှင့်တင်ခြင်းကို ပေါ်ပေါ်ထင်ထင် လုပ်ဆောင်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

၄။ ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ အများပြည်သူသိရှိလိုက်နာဆောင်ရွက်ရန်နှင့် ဥပဒေစိုးမိုး ရေးရှိစေရန် ဆောင်ရွက်ရာတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအပါအဝင် နီးနွယ်ဝန်ကြီး

**ဌာနများ၊ ဦးစီးဌာနများ၏** ဦးဆောင်မှု၊ ပူးပေါင်းပါဝင်ဆောင်ရွက်မှုနှင့် ဗဟိုမှစ၍ တိုင်းဒေသကြီး/ပြည်နယ်၊ မြို့နယ်စသည့် အုပ်ချုပ်မှုအဆင့်တိုင်း ပူးပေါင်းဆောင်ရွက်မှုသည် အလွန်အရေးပါပါသည်။

၅။ သို့ဖြစ်ပါ၍ အထက်အပိုဒ်၂။ ပါ ဥပဒေပြဋ္ဌာန်းချက်များကို အများပြည်သူသိရှိလိုက်နာရန်အတွက် တိုင်းဒေသကြီး/ပြည်နယ်နှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနများမှ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဒေသအသီးသီးမှ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့မှ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်နှင့်မြို့နယ်များရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများသို့ ပူးပေါင်းဆောင်ရွက်ပေးရန်အတွက် ညွှန်ကြားပေးနိုင်ပါရန် ညှိနှိုင်းအပ်ပါသည်။

ပူးတွဲ။ **ဥပဒေစာအုပ်(၁၇)စုံစီ**

2015 1/9

ပြည်ထောင်စုဝန်ကြီး(ကိုယ်စား)

( ဒေါက်တာသာထွန်းကျော်၊ အမြဲတမ်းအတွင်းဝန်)

မိတ္တူကို -

- ရဲချုပ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့
- ညွှန်ကြားရေးမှူးချုပ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
- ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန

D:\Hnin Wai lwin-2019\Upper Letter -2(1).doc







***ပြည်သူ့ကျန်းမာရေးကြီးကြပ်(၂)များမှ ဆောင်ရွက်ရန်လုပ်ငန်းများ

- ဥပဒေပါပြဌာန်းချက်များကို ကျူးလွန်ခြင်းမရှိစေရန် ဖြန့်ဖြူးရောင်းချသူများနှင့် ပြည်သူလူထုကို အသိပညာပေးခြင်း
- ဖောက်ဖျက်ကျူးလွန်ခြင်းကို တွေ့ရှိပါက သတိပေးခြင်းနှင့် အရေးယူခြင်းအတွက် ကူညီဆောင်ရွက်ခြင်း
- မိမိဒေသအတွင်း တွေ့ရှိရသည့် ဥပဒေဖောက်ဖျက်မှုများ၊ နည်းလမ်းများ၊ လုပ်ငန်းအမည်များ၊ အကြိမ်အရေအတွက်တို့ကို မှတ်တမ်းတင်ထားရှိခြင်း
- သက်ဆိုင်သည့် ဌာနဆိုင်ရာများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်း